# ကျွန်တော်တို့ကို ဘာကြောင့် ပစ်မှတ်ထားရတာလဲ

## မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှု ပုံစံများကို ဖော်ထုတ်ခြင်း



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# ကျွန်တော်တို့ကို ဘာကြောင့်ပစ်မှတ်ထားရတာလဲ

မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ်
ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကို ဖော်ထုတ်ခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၂၃ ခုနှစ်၊ ဇွန်လ

**ကျွန်တော်တို့ကို ဘာကြောင့်ပစ်မှတ်ထားရတာလဲ - မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအပေါ် ပစ်မှတ်ထားအကြမ်းဖက်မှုပုံစံများကိုဖော်ထုတ်ခြင်း**

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၂၃ ခုနှစ်၊ ဇွန်လ။ KHRG #2023-01

အရှေ့နှင့်အနောက်မျက်နှာဖုံးရှိဓာတ်ပုံများအကြောင်းကို ဤအစီရင်ခံစာ၏နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့်အခြားအထောက်အထားများဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာရပ်တည်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ဆက်နွယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ KHRG မှ ပုံနှိပ်ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၂၃ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုသည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားဖြစ်အကျိုးအမြတ်အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ


**နိဒါန်း ......................................................................................................၄**

အဓိကရှာဖွေတွေ့ရှိချက်များ..............................................................................၆

အကြံပြုချက်များ .............................................................................................၈

အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ် ..................................................................၁၀

ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ ................................................၁၂

မြေပုံ - ကရင်လူ့အခွင့်အရေးအဖွဲ့၏လုပ်ရှားရာနယ်မြေ .......................................၁၃

**အခန်း (၁) ကရင်ပြည်နယ်၏သမိုင်းကြောင်း - လူ့အခွင့်အရေးချိုးဖောက်မှုများ၏**

**ကာလကြာရှည်ဆိုးကျိုးအမွေအနှစ်များ......................................................၁၄**

**အခန်း (၂) SAC ၏ ရွာသားများအပေါ် တန်ပြန်တိုက်ခိုက်မှုပုံစံများ .............................၁၉**

(က) SAC မှ ရွာသားများအား ရန်သူအဖြစ်ရှုမြင်ပြီးတုံ့ပြန်တိုက်ခိုက်မှုများ ........................၁၉

(ခ) လက်နက်ကိုင်တော်လှန်ရေးအတွက် ထောက်ပံ့မှုများကိုပိတ်ပင်ရန်

ရွာသားများအားလက်တုံ့ပြန်ခြင်း ..........................................................................၂၂

(ဂ) တိုက်ပွဲများဖြစ်ပွားပြီးနောက်ပိုင်း အရပ်သားများအားတုံ့ပြန်တိုက်ခိုက်ခြင်း ...............၂၅

(ဃ) အရပ်သားများအား အကြမ်းဖက်သည့်နည်းလမ်းဖြင့် လက်တုံ့ပြန်ခြင်း ....................၃၀

(င) ပုဂ္ဂိုလ်ရေးအမြတ်ထုတ်မှုအတွက် SAC တပ်သားများမှ အရပ်သားများအား

တုံ့ပြန်တိုက်ခိုက်ခြင်း..............................................................................................၃၂

(စ) ကြိုတင်သတိပေးခြင်းဖြင့် တုံ့ပြန်တိုက်ခိုက်ခြင်း - လက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်လိုစိတ်ကိုဖျက်ဆီးခြင်း ....................................................................................၃၄

(ဆ) လိုက်နာဆောင်ရွက်မှုမရှိသည့်အတွက် SAC မှ ရွာသားများအပေါ်

တုံ့ပြန်တိုက်ခိုက်ခြင်း..............................................................................................၃၆

**အခန်း (၃) ရွာသားများနှင့် ၎င်းတို့၏လုပ်ဆောင်ရည်အပေါ် SAC မှပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းကြောင့် ရရှိလာသောအကျိုးသက်ရောက်မှုများ ..........................................................၃၈**

(က) SAC ၏တိုက်ခိုက်မှုအား ရင်ဆိုင်ရန်အတွက် ရွာသားများ၏နည်းဗျူဟာများ .............၄၁

(ခ) သက်ဆိုင်ရာပါဝင်ပတ်သက်သူများသို့ ရွာသားများ၏အကြံပြုချက်များ .......................၄၂

**ဆွေးနွေးမှုနှင့် နိဂုံးချုပ်.......................................................................................၄၅**

# နိဒါန်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်း[1] သည့်အချိန်မှစ၍ မြန်မာစစ်အုပ်စုမှ ၎င်းတို့ကိုယ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟု ပြောင်းလဲခေါ်ဆိုကာ ၎င်းတို့နှင့် သဘောထားကွဲလွဲသော ဆန့်ကျင်သူအားလုံးကိုဖြိုခွင်းရန်အတွက် အရပ်သားများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများအား နိုင်ငံအနှံ့လုပ်ဆောင်ခဲ့သည်။ ထိုတိုက်ခိုက်မှုများတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများအပေါ် ပြင်းပြင်းထန်ထန်တိုက်ခိုက်ခြင်းနှင့် ရွာသားများအား အကြမ်းဖက်ခြင်းတို့ ပါဝင်သည်။

အာဏာသိမ်းသည့်အချိန်မှစ၍ KHRG အနေဖြင့် ကရင်ပြည်နယ်[2]အတွင်း တိုးမြင့်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သည့် အစီရင်ခံစာများကိုလက်ခံရရှိခဲ့သည်။ ၎င်းအစီရင်ခံစာများတွင် အထူးသဖြင့် မြန်မာစစ်တပ်[3]မှ လက်နက်ကိုင်အဖွဲ့များအစား ပြည်သူများအပေါ် ဦးတည်ပစ်မှတ်ထားသည့် ချိုးဖောက်မှုအခြေအနေများကို ဖော်ပြနေသည်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ SAC ၏ပြည်သူများအပေါ် ပစ်မှတ်ထားနေကြောင်းကို[4] လက်ခံသိရှိနေသော်လည်း အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် အမှန်စင်စစ်ဖြစ်ပွားလျက်ရှိသော ဤတိုက်ခိုက်မှုများ၏အကြောင်းနှင့်ပတ်သက်၍ အလေးပေးလေ့လာစိစစ်မှုမှာ အနည်းငယ်သာရှိပါသည်။ ဤအကြမ်းဖက်မှုပုံစံများကို အတွင်းကျကျစုံစမ်းစစ်ဆေးခြင်းမရှိပဲ ကရင်ပြည်နယ်အတွင်းရှိ ရွာသားများ၏ရုန်းကန်မှုများနှင့် ပဋိပက္ခအခြေအနေများကို ပြည့်ပြည့်ဝဝနားလည်သဘောပေါက်နိုင်မည်မဟုတ်ပါ။ ဤအကြောင်းအရာကို သေချာစွာဖော်ထုတ်ခြင်းဖြင့် နိုင်ငံတော်အဆင့်၊ အာစီယံဒေသတွင်းနှင့် နိုင်ငံတကာအဆင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရာတွင် မြန်မာပြည်ရှိ ပြည်သူများအား အကာအကွယ်ပေးနိုင်ရန်အတွက်တင်ပြနိုင်ပြီး နိုင်ငံအတွင်း အမြဲပွါယ်ရှိသည့်ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို ပိုမိုမြှင့်တင်ပေးနိုင်မည်။

ထို့အတွက်ကြောင့် ဤအစီရင်ခံစာတွင် မြန်မာစစ်တပ်၏ ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများအပေါ် ဦးတည်တိုက်ခိုက်မှုများအား ဆန်းစစ်လေ့လာထားပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများအနေဖြင့် မြန်မာစစ်တပ်မှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား မည်သို့နားလည်လက်ခံထားသည်ကို အထူးသဖြင့် အသေးစိတ်လေ့လာဖော်ပြထားပါသည်။

---

[1] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗမာ (မြန်မာ) စစ်တပ်မှ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သောအစိုးရအား ဖယ်ရှားခဲ့သည်။ စစ်တပ်သည် ဗမာလက်နက်ကိုင်တပ်များ၏စစ်ဦးစီးချုပ် မင်းအောင်လှိုင်ထံ အာဏာလွှဲအပ်ခဲ့သည်။ သက်သေမပြနိုင်သောလိမ်လည်စွပ်စွဲချက်များအရ ဗမာစစ်တပ်သည် NLD အဖွဲ့၏ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုများအား တရားမဝင်ပြုလုပ်ခဲပြီး အရေးပေါ်ကာလပြီးနောက်တွင် ရွေးကောက်ပွဲအသစ်များထပ်မံကျင်းပပေးမည်။ ရွေးကောက်ခံသမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဝန်ကြီးများ၊ ၎င်းတို့၏ ဒုဝန်ကြီးများနှင့် လွှတ်တော်အဖွဲ့ဝင်များနှင့်အတူဖမ်းဆီးထိမ်းသိမ်းခံခဲ့ရသည်။

[2] ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်တွင် အောက်ပါနေရာဒေသများဖြစ်သည့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၏ အစိတ်အပိုင်းများပါဝင်သည်။ ကရင်ပြည်နယ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး တိုင်းရင်းသားကရင်လူမျိုးများမှ အဓိကအားဖြင့်မှီတင်းနေထိုင်ကြသည်။ ကရင်လူမျိုးအများစုသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသအများစုတွင် အခြားတိုင်းရင်းသားများဖြစ်သည့် ဗမာ၊ ရှမ်း၊ မွန်၊ ပအို့ဝ် အပါအဝင် တိုင်းရင်းသားလူမျိုးစုများနှင့်အတူနေထိုင်ခဲ့ကြသည်။

[3] ဗမာစစ်တပ်၊ ဗမာတပ်မတော်၊ တပ်မတော်နှင့် SAC သည် ဤအစီရင်ခံစာတွင် ဗမာတို့၏လက်နက်ကိုင်တပ်ဖွဲ့များကို ရည်ညွှန်းရန်အတွက် ဤအစီရင်ခံစာတစ်လျှောက်တွင် အပြန်အလှန်ပြောင်းလဲ အသုံးပြုထားသည်။ ရွာသားများကိုယ်တိုင်က ဗမာစစ်တပ်၊ ဗမာစစ်သားများ သို့မဟုတ် အာဏာသိမ်းပြီးနောက် ဗမာစစ်အစိုးရမှ ကိုယ်တိုင်ပြောင်းလဲခေါ်ဆိုခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သုံးနှုန်းခဲ့သည်။

[4] ဥပမာအားဖြင့် UNSC Resolution 2669 (2022)။

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ KHRG ၏ သတင်းအချက်အလက်ကောက်ယူသောဒေသများတွင် နေထိုင်သောရွာသားများအနေဖြင့် ၎င်းတို့အပေါ်ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့်ပတ်သက်သော ထွက်ဆိုချက်များအပြင် အခြားသောလူ့အခွင့်အရေးကျူးလွန်မှုပုံစံများကိုလည်း ဤအစီရင်ခံစာတွင်ထည့်သွင်းဖော်ပြထားပါသည်။ အစီရင်ခံစာတွင် SAC ၏ တရားမဝင်လုပ်ဆောင်မှုများနှင့် လူသားမဆန်သောလုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များကို ရှင်းလင်းဖော်ပြထားပြီး ပြည်သူများအပေါ် SAC ၏ အကြမ်းဖက်မှုကျူးလွန်ရခြင်းအကြောင်းရင်းများစွာကိုလည်း ဖော်ပြထားသည်။ SAC မှ ရွာသားများကို ၎င်းတို့၏ရန်သူသဖွယ် ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။ အကြောင်းရင်းမှာ ၎င်းတို့၏စစ်အုပ်ချုပ်ရေးကိုဆန့်ကျင်ဆန္ဒပြခြင်းအား အထောက်အပံ့ပေးသောသူများ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ချိတ်ဆက်မှုရှိသောသူများဟု ယူဆသောကြောင့်ဖြစ်သည်။ SAC တပ်ဖွဲ့သည် ဒေသအတွင်း အကြောက်တရားဖုံးလွှမ်းစေရန်နှင့် ၎င်းတို့၏အုပ်ချုပ်ရေးကို ပြဌာန်းနိုင်ရန်အပြင် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုအားဟန့်တားရန်အတွက် ရွာသားများအပေါ် အကြမ်းဖက်မှုများကိုလည်း ကျူးလွန်လျက်ရှိသည်။ ထောက်ပံ့မှုလုံလောက်စွာမရသော တပ်သားများကလည်း ရွာသားများ၏ပိုင်ဆိုင်မှုများအား လုယက်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ဖြစ်ရပ်အများစုတွင် SAC တပ်နှင့် ဒေသတွင်းတော်လှန်ရေးတပ်ဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက်ပိုင်းတွင် အနီးအနားရှိကျေးရွာများအပေါ် ပစ်မှတ်ထားခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ နောက်ဆုံးအနေဖြင့် SAC ၏အမိန့်အား လိုက်နာရန်ငြင်းဆန်သည့် ရွာသားများအနေဖြင့် ပစ်မှတ်ထားခံကြရသည်။

မြန်မာစစ်တပ်မှ ပြည်သူများအပေါ်တိုက်ခိုက်ခြင်းသည် မတော်တဆမဟုတ်ပါ။ ထို့အတူ မြန်မာစစ်တပ်အနေဖြင့် ပြည်သူများနှင့် စစ်ဘက်ဆိုင်ရာပစ်မှတ်များအကြား ခွဲခြားသတ်မှတ်နိုင်ခြင်းမရှိသည့်အတွက်လည်း မဟုတ်ပါ။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများသည် ရွာသားများအား ခေးစာခံဖြစ်စေသော အလေ့အထတစ်ခုအဖြစ် ခိုင်မာစွာအမြစ်တွယ်နေသည်သာမက ၎င်းတို့အား စစ်တပ်ကိုဆန့်ကျင်သည့်အဖွဲ့တစ်ဖွဲ့အနေဖြင့် အမြဲတစေယူဆအပြစ် တင်ခြင်းခံရသည်။ ရွာသားများသည် စုပေါင်းပြစ်ဒဏ်ပေးခြင်းကို ရင်ဆိုင်ခံစားရလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် မည်သူတစ်ဦးတစ်ယောက်၏ လုပ်ဆောင်မှုမျိုးမဆို SAC မှ ၎င်းဆန့်ကျင်မှုကိုတုံ့ပြန်ရာတွင် တူညီသည့်အဖွဲ့တစ်ခုတည်း၏ လုပ်ရပ်ဖြစ်သည်ဟုယူဆသောကြောင့်ဖြစ်သည်။ ဤကဲ့သို့အရပ်သားများအား ပစ်မှတ်ထားခြင်းသည် SAC မှ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအားကျူးလွန်ခြင်းကြောင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်နေခြင်းဖြစ်သည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

စစ်အုပ်စုသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအပေါ် တိုက်ရိုက်တိုက်ခိုက်မှုများကို ပြုလုပ်မည့်အစား မြန်မာပြည်အရှေ့တောင်ပိုင်းရှိအရပ်သားများအပေါ် အမြဲတစေပစ်မှတ်ထားတိုက်ခိုက်မှုများကို ရည်ရွယ်ချက်ရှိရှိပြုလုပ်ခဲ့ပါသည်။ ထိုသို့သောလုပ်ဆောင်မှုများကဒေသတွင်းရှိလူမှုအသိုက်အဝန်းများအတွက် ဆိုးရွားသည့်အကျိုးဆက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေသည်။ ဤအကြမ်းဖက်မှုများတွင် လေကြောင်းဖြင့်တိုက်ခိုက်မှုပြုလုပ်ခြင်း၊ ကျေးရွာများအတွင်းသို့လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်း၊ရွာသားများအားပစ်ခတ်ခြင်း၊ အဓမ္မဖမ်းဆီးခြင်းနှင့်၎င်းတို့၏ပိုင်ဆိုင်မှုများအားလုယက်ခိုးယူဖျက်စီးခြင်းများပါဝင်သည်။

SAC ၏ရွာသားများအပေါ် ပစ်မှတ်ထားခြင်းများ၏နောက်ကွယ်မှ လုပ်ဆောင်မှုပုံစံများကို ရှင်းပြထားသည့် ရွာသားများ၏ သက်သေခံချက်များတွင် ကွဲပြားခြားနားမှုရှိသော်လည်း များသောအားဖြင့် တူညီသည့်ပုံစံများကို မကြာခဏတွေ့နိုင်သည်။ ဤပုံစံများတွင် မြန်မာစစ်တပ်၏ ကရင်ပြည်နယ်ရှိရွာသားများအား ရန်ဘက်အဖြစ်သဘောထားခြင်း၊ ရန်တုံ့ပြန်ရန်ဓားစာခံအဖြစ်အသုံးပြုခြင်းနှင့် စုပေါင်းအပြစ်ပေးမှုများကိုဖော်ပြလျက်ရှိပြီးထိုသို့လုပ်ဆောင်ခြင်းက ပြည်သူများအပေါ်အလွန်ဆိုးရွားသည့်အကြမ်းဖက်မှုများကို ဖြစ်ပွားစေခဲ့သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပဋိပက္ခများအား သမားရိုးကျနားလည်မှုများသည် မြေပြင်တွင်ဖြစ်ပျက်နေသောပဋိပက္ခများ၏ အဓိကကျသောအချက်များကို သတိလက်လွတ်ဖြစ်စေနိုင်သည်။ အရပ်သားများသည် SAC တပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့အကြား ဖြစ်ပွားသည့်ပဋိပက္ခကြားတွင် ထိခိုက်ခံရခြင်းမဟုတ်ပါ။ လက်တွေ့တွင် စစ်အုပ်စုမှ ပြည်သူများအား ရည်ရွယ်ချက်ရှိရှိ စနစ်တကျပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်ပြီး ထိုအချက်က ၎င်းတို့၏တရားမဝင်ခြင်းနှင့် လူ့အသက်များအားလျစ်လျူရှုနေခြင်းကို ဖော်ပြလျက်ရှိသည်။

SAC ၏ပြည်သူများအပေါ်တိုက်ခိုက်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေး၊ လူသားချင်းစာနာမှုနှင့် ရာဇဝတ်မှုဥပဒေများအား ချိုးဖောက်နေခြင်းဖြစ်သည်။ အထူးသဖြင့် မြေပြင်တွင်မည်သူတစ်ဦးတယောက်ကိုမျှ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်းမပြုရန်တားမြစ်ချက်နှင့် အရပ်သားများအားပစ်မှတ်ထားခြင်းကိုပိတ်ပင်ထားသည့် လက်နက်ကိုင်နှင့် အရပ်သားများကြား ခွဲခြားသတ်မှတ်ထားရန်မူဝါဒများအား ချိုးဖောက်နေခြင်းဖြစ်သည်။ ထို့အတွက် စစ်ခေါင်းဆောင်များအနေဖြင့် ထိုကျူးလွန်မှုများအတွက် တရားစွဲဆိုခြင်းခံရမည်။

ကရင်ပြည်နယ်ရှိလူ့အဖွဲ့အစည်းမှ စစ်တပ်၏ထိန်းချုပ်မှုကို လက်နက်ကိုင်ခုခံတော်လှန်သည့်နည်းလမ်းအပြင် ရွာသားများ၏တုံ့ပြန်မှုနည်းဗျူဟာများသည်လည်း စစ်တပ်ကိုဆန့်ကျင်ရာတွင် အဓိကကျသောအချက်ဖြစ်သည်။ ထိုသို့သော ကြိုးစားအားထုတ်မှုများအား ဆန်းသစ်သောနည်းလမ်းများဖြင့် ပံ့ပိုးကူညီသင့်သည်။ မြန်မာပြည်အတွင်း ပြည်သူများအားအကာအကွယ်ပေးရန်နှင့် အဓိပ္ပါယ်ပြည့်ဝသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာဆွေးနွေးမှုများနှင့် တုံ့ပြန်ဆောင်ရွက်မှုများတွင် အကဲဆတ်သောပဋိပက္ခအခြေအနေမှန်ကို ထည့်သွင်းဆွေးနွေးရန်လိုအပ်ပါသည်။

SAC ၏ချိုးဖောက်မှုမှအကာအကွယ်ရရှိရန် ရွှေ့ပြောင်းသွားသည့်ကျောင်းသားများ၏အသံများနှင့် ပြတ်သားသည့်တောင်းဆိုမှုများသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ အရေးယူဆောင်ရွက်ခြင်းမရှိပဲ လျစ်လျူရှုထားခြင်းခံရသောကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကပ်ဘေးများသည် ပိုမိုဆိုးရွားလာရသည်။ ထို့အပြင် အဓိပ္ပါယ်ပြည့်ဝသည့်တုံ့ပြန်ဆောင်ရွက်မှုမရှိခြင်းက ရွှေ့ပြောင်းသွားသည့်ကျောင်းသားများအား လက်နက်ကိုင်ရန်တွန်းအားပေးနေပြီး နိုင်ငံအတွင်းစစ်ရေးလှုပ်ရှားမှုများ ပိုမိုများပြားလာစေသည်။

## အကြံပြုချက်များ

နိုင်ငံတကာအသိုင်းအဝိုင်း၊ အာဆီယံ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် အစိုးရများ -

- မြန်မာစစ်တပ်သည် လက်ရှိဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းတို့၏ အဓိကတရားခံဖြစ်သည်ကို လက်ခံအသိအမှတ်ပြုပြီး ၎င်းတို့နှင့်သဘောတူညီမှုလက်မှတ်ရေးထိုးခြင်းနှင့် စစ်အုပ်စုအား တရားဝင်အခွင့်အာဏာပေးအပ်နေမှုများကိုရပ်တန့်ရန်။
- အာဆီယံအနေဖြင့် ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်တင်မြှောက်သော အရပ်သားအစိုးရပြန်လည်ဖွဲ့စည်းနိုင်သည့်အချိန်ထိ မြန်မာပြည်အား အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ထားရန်၊ လက်ရှိဘုံသဘောတူညီချက်ငါးရပ်အား ပယ်ဖျက်ပြီး ပါဝင်ပတ်သက်သူများ၏ ဝေဖန်ချက်များ[5] ထည့်သွင်းထားသည့်အစီအစဉ်အသစ်အားရေးဆွဲရန်၊ မြန်မာပြည်သူများအပေါ် စစ်အာဏာရှင်၏ အကြမ်းဖက်မှုအားရပ်တန့်ရန်အတွက် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- စစ်အုပ်စုခေါင်းဆောင်များအား တရားစွဲဆိုနိုင်ရန်အတွက် လက်ရှိဆောင်ရွက်နေသော စုံစမ်းစစ်ဆေးမှုများနှင့် တရားရေးလုပ်ငန်းဆောင်ရွက်မှုများကိုထောက်ပံ့ပေးရန်နှင့် မြန်မာစစ်တပ်အား ၎င်းတို့ကျူးလွန်ထားသည့် ချိုးဖောက်မှုများအပေါ် တာဝန်ယူမှုတာဝန်ခံမှုရှိစေရန်အတွက် အခြားသောအခွင့်အလမ်းများ (အထူးခုံရုံးများ၊ အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်နှင့် အခြားသောယန္တယားများမှတဆင့်) ရှာဖွေရန်။
- လက်ရှိစုံစမ်းစစ်ဆေးမှုများတွင် ထည့်သွင်းထားခြင်းမရှိသေးသော SAC မှ ကရင်ပြည်သူများအပေါ် ချိုးဖောက်ခဲ့သည့်ရာဇဝတ်မှုများကို အနာဂတ်တွင်ပြုလုပ်မည့် စုံစမ်းစစ်ဆေးရေးတာဝန်ခံမှုနယ်ပယ်ကို ပို၍တိုးချဲ့ရန်အပြင် စစ်ရာဇဝတ်မှုဆိုင်ရာအုပ်စုလိုက်ပြစ်ဒဏ်ပေးခြင်းနှင့် လူသားမျိုးနွယ်စုများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်။
- မြန်မာပြည်အတွင်းရှိ ဖိနှိပ်ခံပြည်သူများ၏အသံများနှင့် အတွေ့အကြုံများကို ကိုယ်စားပြုနိုင်ရန်အတွက် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် မြေပြင်တွင်လှုပ်ရှားနေသူများအား ငွေကြေးပံ့ပိုးမှုပေးရန်နှင့်ပူးပေါင်းဆောင်ရွက်ရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများအပေါ် SAC မှ ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်နေသည့် အလေ့အထသည် မှန်ကန်ကြောင်းဝန်ခံသဘောတူရန်။ လေကြောင်းတိုက်ခိုက်မှုခံရခြင်း၊ နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း၊ ပိုင်ဆိုင်မှုများဖျက်စီးခံရခြင်း၊ အကြမ်းဖက်နှိပ်စက်ခံရခြင်း၊ အဓမ္မဖမ်းဆီးခံရခြင်းနှင့် အခြားသောချိုးဖောက်မှုခံရခြင်းများကို ရင်ဆိုင်ခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် အကာအကွယ်များပိုမိုတိုးမြှင့်ပေးရန်နှင့် လုံလောက်မှုရှိစေရန်အတွက် သေချာစွာဆောင်ရွက်ရန်။
- ကူညီထောက်ပံ့မှုများကိုဖြန့်ဝေရာတွင် SAC အနေနှင့် ဆုံးဖြတ်ချက်ချရသည့်အာဏာမရှိစေရန်နှင့် ပံ့ပိုးကူညီမှုများသည် SAC မှတဆင့်စီးဝင်မှုမရှိစေရန်အတွက် သေချာစွာလုပ်ဆောင်ရန်။

[5] ၂၀၂၃ ခုနှစ်၊ မေလထုတ် Progressive Voice ၏ Civil Society Position Paper Reviewing and Reframing the ASEAN's Five-Point Consensus'။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အကြပ်အတည်းများအတွက်ဖြေရှင်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဒေသတွင်းလှူပ်ရှားသူများနှင့် ဒေသခံလူမှုအသိုက်အဝန်းများကိုထည့်သွင်းပြီး တိုင်ပင်ဆွေးနွေးခြင်းပြုရန်။ ထို့အပြင် ဒေသတွင်းလူထုအကျိုးပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် လူထုဝန်ဆောင်မှုပေးသော တိုင်းရင်းသားအဖွဲ့အစည်းများအပေါ်အမှီပြုသည့် ဝန်ဆောင်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုနည်းလမ်းများကို ဦးစားပေး၍ အားကောင်းအောင်ဆောင်ရွက်ပေးရန်။
- နယ်စပ်ဖြတ်ကျော်၍ ခိုလှုံရာရှာဖွေသူများအား ငြင်းဆန်မှုမပြုလုပ်ရန်အတွက် အိမ်နီးချင်းနိုင်ငံရှိအစိုးရအာဏာပိုင်များအား တိုက်တွန်းရန်။ ထို့အပြင် ၎င်းဒေသတွင်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်နယ်စပ်ဖြတ်ကျော်အဖွဲ့အစည်းများနှင့် ဒေသတွင်းအရပ်ဖက်အဖွဲ့အစည်းများမှတဆင့် မြန်မာပြည်အတွင်းသို့ ကူညီထောက်ပံ့မှုများပေးပို့ခြင်းကိုခွင့်ပြုရန်။
- မြန်မာနိုင်ငံသို့လေကြောင်းလောင်စာဆီတင်ပို့မှုနှင့် လက်နက်တင်သွင်းရောင်းချမှုအပါအဝင်လက်နက်ခဲယမ်းများနှင့် လုံခြုံရေးဆိုင်ရာကိရိယာများတင်သွင်းခြင်းအပါအဝင် ထောက်လှမ်းရေးနည်းပညာများနှင့် အခြားစစ်ဘက်ဆိုင်ရာကူညီပံ့ပိုးပေးခြင်းများအပေါ် ရပ်တန့်အောင်လုပ်ဆောင်ပြီး ထိုကဲ့သို့စစ်ဘက်ဆိုင်ရာပံ့ပိုးကူညီမှုနှင့် တင်ပို့မှုနည်းလမ်းများကိုတိုက်ရိုက်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပါဝင်ကူညီပေးခြင်းမရှိအောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရန်။
- နိုင်ငံတကာရာဇဝတ်မှုများအတွက်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာဥပဒေများအား ဆိုးရွားစွာချိုးဖောက်သည်ဟုသံသယရှိသည့် စစ်အာဏာရှင်၏အရာရှိများနှင့် ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်သည့်ကုမ္ပဏီများအပေါ် ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရာတွင်ပံ့ပိုးပေးရန်။

## အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ ကရင်ပြည်နယ်အတွင်း ပြည်သူများအပေါ်တိုက်ခိုက်မှုများ၏နောက်ကွယ်အရင်းခံအကြောင်းအရာများကို ဖော်ထုတ်ရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ တုံ့ပြန်တိုက်ခိုက်မှုကိုယ်တိုင်ခံစားခဲ့ရသော သို့မဟုတ် မျက်မြင်ကြုံတွေ့ခဲ့သည့်ရွာသားများထံမှ အချက်အလက်များကို စုဆောင်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း KHRG လုပ်ငန်းဆောင်ရွက်ရာခရိုင် ၇ ခုအတွင်းမှ ခရိုင် ၆ ခုဖြစ်သော ဒူးသထူ (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ မြိတ်-ထားဝယ်၊ မူတြော် (ဖာပွန်) နှင့် ဒူးပလာယာ[6] ခရိုင်များမှ အမျိုးသမီးသုံးဦးအပါအဝင် စုစုပေါင်းတွေ့ဆုံမေးမြန်းမှု ၂၃ ခုကိုပြုလုပ်ခဲ့သည်။ ထိုတွေ့ဆုံမေးမြန်းခဲ့သူများထဲမှ ၆ ဦးမှာ ယခင်က သို့မဟုတ် လက်ရှိအချိန်တွင် ကျေးရွာခေါင်းဆောင်၊ အုပ်ချုပ်ရေးမှူး သို့မဟုတ် ရွာသူကြီးအဖြစ်တာဝန်ယူထားလျက်ရှိသည်။ ဤနှုတ်ထွက်သက်သေခံချက်များအား စကောကရင်နှင့်ဗမာဘာသာစကားများဖြင့်အသံသွင်းယူခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများကို KHRG ဝန်ထမ်းများနှင့် KHRG ၏သတင်းအချက်အလက်စုဆောင်းမှုနည်းလမ်းများကို အသုံးချတတ်စေရန် လေ့ကျင့်သင်ကြားပေးထားသည့် ဒေသတွင်းသုတေသနပြုသူများကွန်ယက်အဖွဲ့ဝင်များမှ ပြု လုပ်ကြသည်။

ဤအစီရင်ခံစာသည် ထိုတွေ့ဆုံမေးမြန်းမှုများနှင့်အတူ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ အရပ်သားများအပေါ် တုံ့ပြန်တိုက်ခိုက်မှုဖြစ်ရပ်များအား KHRG မှ မှတ်တမ်းတင်ပြုစုထားသည့် ၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၃ ခုနှစ်၊ မေလအတွင်း ထုတ်ပြန်ထားသောကွင်းဆင်းအစီရင်ခံစာ ၆၃ စောင်အပေါ်အခြေခံထားသည်။ ထိုအထဲတွင် SAC ၏ အရပ်သားများအပေါ်တိုက်ခိုက်မှုများအား သုံးသပ်မှုများ ပိုမိုပြုလုပ်နိုင်ရန် အသုံးပြုထားသည့်သတင်းအကျဉ်းချုပ်များ၊ တွေ့ဆုံမေးမြန်းခန်းများ၊ နောက်ဆုံးရအခြေအနေတင်ပြချက်များ၊ ဒေသတွင်းနောက်ဆုံးရ အခြေအနေတင်ပြချက်များနှင့် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာအစီရင်ခံစာများပါဝင်သည်။ ဤသို့ မူလအရင်းအမြစ် သတင်းအချက်အလက်များအား စုဆောင်းပြီးနောက် KHRG မှ မေးခွန်းဖြေကြားသူများကြုံတွေ့ရသော သို့မဟုတ် မျက်မြင်တွေ့ရသော တုံ့ပြန်တိုက်ခိုက်မှု၏ အဓိကအကြောင်းအရာများနှင့် ဖြစ်ပွားမှုပုံစံများကို အကြောင်းအရာအလိုက်အချက်အလက်ဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။

ဤအစီရင်ခံစာရေးသားရာတွင် ကန့်သတ်ချက်များလည်းကြုံတွေ့ခဲ့ရသည်။ မေးခွန်းဖြေကြားသူများကြား ကျား၊မ တန်းတူညီမျှမှုမရှိခြင်းက အမျိုးသမီးများအပေါ် အထူးသဖြင့်ရင်ဆိုင်ရသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်များကိုရယူရန် ခက်ခဲစေခဲ့သည်။ ထို့အပြင် ဒေသတွင်းမလုံခြုံမှုများမြင့်မားသည့်အတွက် မေးခွန်းဖြေကြားသူများတွင် ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိခရိုင်အားလုံးမှ တန်းတူညီစွာပါဝင်နိုင်ခြင်းမရှိပေ။ မေးခွန်းဖြေကြားသူအများစုမှာ တောအူးနှင့်

---

[6] KHRG သည် မြန်မာပြည်အရှေ့တောင်ပိုင်း နယ်မြေ ၇ ခု ဖြစ်သော ဒူးသထူ (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ မြိတ်-ထားဝယ်၊ မူတြော် (ဖာပွန်)၊ ဒူးပလာယာ နှင့် ဘားအံ စသည့်နေရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ KHRG မှ ကွင်းပိုင်းမှသတင်းအချက်အလက်များရရှိသည့်အခါတွင် ၎င်း၏သတင်းအချက်အလက်များကို ဒေသအလိုက်စုစည်းသည်။ ထိုဒေသများကို ခရိုင်များအဖြစ်သတ်မှတ်ထားပြီး ၎င်းအား KNU အပါအဝင် ၎င်းနှင့်သက်ဆိုင်သည်ဖြစ်စေ မသက်ဆိုင်သည်ဖြစ်စေ ထိုသို့အသုံးပြုကြသည်။ KHRG ၏ သုတေသနပြုလုပ်သည့်ဒေသများအား ခရိုင်အမည်များအသုံးပြုခြင်းသည် နိုင်ငံရေးအရပတ်သက်ဆက်နွယ်ခြင်းကြောင့်မဟုတ်ပဲ ကျေးလက်ဒေသရှိပြည်သူများမှ ဤအမည်များကိုအသုံးပြုလျက်ရှိသောကြောင့်ဖြစ်သည်။ ရှင်းလင်းချက်အနေဖြင့် ဤခရိုင်များအတွက် ဗမာအသုံးအနှုန်းများကို ကွင်းထဲတွင်ထည့်သွင်းထားသော်လည်း ဗမာ (မြန်မာ) အစိုးရ၏စီမံအုပ်ချုပ်မှု နယ်မြေများနှင့်ဆက်စပ်ခြင်းမရှိပါ။

ဒူးပလာယာခရိုင်များမှ ဖြစ်သည်။ ဤအစီရင်ခံစာနှင့်သက်ဆိုင်သည့် ဖြစ်ပျက်မှုပုံစံများဖြစ်သော ရွာသားများအပေါ်တုံ့ပြန်တိုက်ခိုက်မှုကို (များသောအားဖြင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် တိုက်ခိုက်မှုပြီးနောက်မကြာမီအချိန်တွင် လုပ်ဆောင်လေ့ရှိသည်။) အခြေခံ၍ ဖားအံ (ဘားအံ)ခရိုင် အားကျွန်ုပ်တို့၏သုတေသနမှဖယ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤသို့သောဖြစ်ရပ်များသည် အစီရင်ခံစာရေးသားသည့်ကာလအတွင်း ဖားအံခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းမရှိပါ။ [KHRG အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလမှစတင်၍ ဖားအံခရိုင်တွင် ပြည်သူများအပေါ် ခားစာခံကဲ့သို့ သဘောထားတိုက်ခိုက်မှုနှင့်ပတ်သက်၍ အစီရင်ခံစာများကိုရရှိခဲ့ပါသည်။] ဖော်ပြပါအားနည်းချက်များရှိသော်လည်း ဤသုတေသန၏အဓိကရှာဖွေတွေ့ရှိချက်ဖြစ်သည့် ထပ်တလဲလဲပုံစံတူတိုက်ခိုက်မှုများက SAC အနေနှင့် အရပ်သားများအပေါ် ဦးတည်တိုက်ခိုက်နေခြင်းဖြစ်သည်ဟူသောအချက်သည် ပဋိပက္ခဖြစ်ပွားမှုပုံစံနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ပြည်သူများကြုံတွေ့ရင်ဆိုင်ရသည့် ရုန်းကန်ရမှုများအား ပိုမိုတိတိကျကျနားလည်လိုသူများအတွက် တန်ဖိုးရှိနေမည်ဖြစ်သည်။


မေးခွန်းဖြေကြားရာတွင် ပါဝင်သူအားလုံးကို တွေ့ဆုံမေးမြန်းခြင်း၏ရည်ရွယ်ချက်အား အသိပေးခဲ့ပြီး ဤအစီရင်ခံစာတွင် ထည့်သွင်းခွင့်ပေးရန်ခွင့်ပြုချက်တောင်းခံခဲ့သည်။ မေးခွန်းဖြေကြားသူများ၏အမည်များနှင့် အခြားခွဲခြမ်းသတ်မှတ်နိုင်သည့် အသေးစိတ်အချက်များအပါအဝင် ရွာသားများအား အန္တရာယ်ပေးနိုင်သည်ဟု KHRG မှ ယူဆသည့်သတင်းအချက်အလက်များကို လုံခြုံရေးအရဖုံးကွယ်ထားသည်။ အချို့သောဖြစ်ရပ်များတွင် ကျေးရွာနှင့် အမည်များအား က--- မှ အ--- အထိ စာလုံးများအသုံးပြု၍ ဆင်ဆာဖြတ်ထားသည်။ ထိုကုဒ်များသည် အမည်အရင်းများ သို့မဟုတ် KHRG ၏ ယခင်အစီရင်ခံစာများတွင် အသုံးပြုထားသည့်ကုဒ်များနှင့် သက်ဆိုင်ခြင်းမရှိပါ။ အမည်များနှင့် နေရာများအားလုံးကို KHRG မှ ရရှိထားသောအမည်အရင်းများ၊ နေရပ်လိပ်စာမူရင်းများနှင့်သက်ဆိုင်မှုမရှိသည့် စနစ်ဖြင့် ဆင်ဆာဖြတ်ထားသည်။ ထို့အတွက်ကြောင့် ဆင်ဆာဖြတ်ခြင်းသည် သတင်းအချက်အလက် မပြည့်စုံခြင်းမဟုတ်ပါ။ ထို့အပြင် ရွာသားများသည် မြန်မာစစ်တပ်၏တိုက်ခိုက်ခြင်းကိုရှောင်ရှားနိုင်ရန်အသုံးပြုသည့်နည်းလမ်းများကို ၎င်းတို့အနေဖြင့် ဆက်လက်အသုံးပြုရမည်ဖြစ်သည့်အတွက် ရွာသားများ၏လုံခြုံရေးအရ ထိမ်ချန်ထားခဲ့ခြင်းဖြစ်သည်။

# ဝေါဟာရများနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) |
| BGF | နယ်ခြားစောင့်တပ် |
| CSO/CBO | အရပ်ဖက်အဖွဲ့အစည်း/လူထုအခြေပြုအဖွဲ့အစည်း |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CIDKP | ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ |
| EAO/EAG | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| ICRC | အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ |
| IDP | ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ |
| IHL | နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| LIB | ခြေမြန်တပ်ရင်း |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UDHR | အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNSC | ကုလသမဂ္ဂ လုံခြုံရေးကောင်စီ |
| UXO | မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများ |

# မြေပုံ – ကရင်လူ့အခွင့်အရေးအဖွဲ့၏လှုပ်ရှားရာနယ်မြေ

## ကေအဲန်ယူသတ်မှတ်ထားသော ကရင်နယ်နိမိတ်နှင့် အစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး



# အခန်း (၁) ကရင်ပြည်နယ်၏သမိုင်းကြောင်း – လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ကာလကြာရှည်ဆိုးကျိုးအမွေအနှစ်များ

ဤအခန်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မတိုင်မီနှင့်သဘောတူညီမှုနောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိလူ့အခွင့်အရေးအခြေအနေ၊ ဒီမိုကရေစီနည်းအရ အရပ်သားတပိုင်းအစိုးရအုပ်ချုပ်သည့်ကာလအတွင်း အပြောင်းအလဲများနှင့် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုနှောင်းပိုင်း ပိုမိုဆိုးရွားလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများကို အကျဉ်းချုံးဖော်ပြထားသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ ကရင်ပြည်နယ်အတွင်း ပြည်သူများအပေါ် တိုက်ခိုက်မှုပုံစံများကိုနားလည်ရန်အတွက် ဒေသအဆင့်ပြည်သူများခံစားရသည့် အကြမ်းဖက်မှုများနောက်ကွယ်ရှိသမိုင်းကြောင်းမှာ အဓိကကျသည့်အချက်ဖြစ်သည်။

### “ဖြတ်လေးဖြတ်” ဗျူဟာနှင့် “တွေ့လျှင်ပစ်” မူ (၁၉၆၀ ခုနှစ်များမှ ၂၀၀၀ ခုနှစ်များအထိ)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ ဗြိတိသျှအုပ်ချုပ်မှုမှ လွတ်လပ်ရေးရခါနီးချိန်တွင် ကရင်တိုင်းရင်းသားများ၏ ရည်မှန်းချက်ဆန္ဒများအား ဗမာလူမျိုးအများစုလွှမ်းမိုးထားသည့် ဗဟိုချုပ်ကိုင်သည့် အစိုးရ၏ခြိမ်းခြောက်ခြင်းခံရလိမ့်မည်ဟု ကရင်လူမျိုးအများစုက ခံစားခဲ့ကြရသည်။ အကျိုးဆက်အားဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)[7] အား ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင်ဖွဲ့စည်းပြီးနောက် မကြာမီ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် KNU မှ ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ KNU ၏အဆိုအရ “ကရင်ပြည်နယ်လွတ်လပ်ရေးရရှိရန်မှာ တော်လှန်ရေး၏မူလရည်ရွယ်ချက်”[8] ဖြစ်ပြီးရည်မှန်းချက်တစ်ရပ်မှာ ဖက်ဒရယ်ပြည်ထောင်စုအတွင်း မြန်မာပြည်၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များကဲ့သို့ ဖွဲ့စည်းနိုင်ရန်ဖြစ်သည်။[9]

ကရင်တိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားများတော်လှန်မှုများနှင့် ပြည်သူများ၏ ထိုတော်လှန်ရေးအဖွဲ့များအားပံ့ပိုးပေးနေမှုများကိုတုံ့ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်သည် တန်ပြန်ဆန့်ကျင်ရေးဗျူဟာတစ်ရပ်ဖြစ်သော “ဖြတ်လေးဖြတ်” ဗျူဟာကို စတင်ကျင့်သုံးလာခဲ့သည်။ ထိုနည်းဗျူဟာကို ၁၉၆၀ ခုနှစ်အလယ်ပိုင်းတွင် တရားဝင်အတည်ပြုခဲ့ပြီး တော်လှန်သူများအကြား၊ ၎င်းတို့၏ မိသားစုများနှင့်ဒေသခံရွာသားများအကြား ချိတ်ဆက်မှုများကိုဖျက်စီးရန် အဓိကမဏ္ဍိုင်ကြီးများဖြစ်သည့် အစားအစာ၊ ငွေကြေး၊ နည်းပညာနှင့် တပ်သားစုဆောင်းမှုဆိုင်ရာအထောက်အပံ့များကို ဖြတ်တောက်ခဲ့သည်။

[7] ကေအန်ယူ - KNU သည် အဓိက ကရင်နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်ကတည်းက ဗမာအစိုးရနှင့် ပဋိပက္ခဖြစ်ပွားလာခဲ့သည်။ KNU သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ နေရာဒေသကြီးများတွင် အာဏာစွဲကိုင်နိုင်ခဲ့ပြီး ၁၉၇၆ ခုနှစ်မှစတင်၍ ဒီမိုကရေစီဖက်ဒရယ်စနစ် တည်ဆောက်ရေးအတွက် တောင်းဆိုခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ထိုးခဲ့သော်လည်း အစိုးရနှင့်ဆက်ဆံရေးမှာ တင်းမာဆဲဖြစ်သည်။

[8] KNU ၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်တွင် ထုတ်ဝေသည့် “The KNU and the Peace Process” ၏ စာမျက်နှာ ၃။

[9] Martin Smith ၏ ၁၉၉၉ ခုနှစ် *“Burma: Insurgency and the Politics of Ethnicity”*, London: Zed Books နှင့် Kim Joliffe ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြန့်ဝေသည့် “Ceasefires, Governance and Development: The Karen National Union in Times of Change”, Asia Foundation, Policy Dialogue Brief Series No. 16 ၏ စာမျက်နှာ ၃ တွင် ကြည့်ပါ။

မြို့နယ်အလိုက် “အမဲရောင်နယ်မြေများ”[10] အဖြစ်သတ်မှတ်ခဲ့ပြီး လူတိုင်းကို ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အဖြစ်အမည်တပ်ကာ တွေ့လျှင်ပစ်သတ်ခဲ့သည်။ မြန်မာစစ်တပ်မှ “ဖြတ်လေးဖြတ်” ဗျူဟာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ထောက်ပံ့နေသည်ဟုယူဆသောအရပ်သားများကိုသာ ပစ်မှတ်ထားရန်ချမှတ်ခဲ့သော်လည်း လက်တွေ့တွင် ကရင်တိုင်းရင်းသားအားလုံး ပစ်မှတ်ထားခံခဲ့ရသည်။ လက်နက်များအား ရမ်းသမ်းပစ်ခတ်ခြင်း၊ အစားအသောက်များ၊ ဆေးဝါးထောက်ပံ့မှုများ၊ ဘာသာရေးအဆောက်အအုံများနှင့် နေအိမ်များအားဖျက်ဆီးခြင်း၊ ပြည်သူများအား မြန်မာစစ်တပ်၏ စောင့်ကြည့်ထိန်းချုပ်မှုအောက်တွင်ရှိသောနေရာများသို့ ပြောင်းရွှေ့စေခြင်းစသည်တို့ပါဝင်သည်။ ၁၉၆၂ ခုနှစ် မြန်မာပြည်တွင် ပထမဆုံးအကြိမ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဗမာစစ်အုပ်ချုပ်ရေးအဖွဲ့က ကရင်ကျောင်းအများအပြားကိုအဓမ္မပိတ်ပစ်ခြင်းနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများအား ကန့်သတ်ထိန်းချုပ်ခြင်းများကိုပြုလုပ်ခဲ့သည်။[11] KHRG အစီရင်ခံစာများအရ “ဖြတ်လေးဖြတ်” ဗျူဟာသည် ၁၉၆ဝ ခုနှစ်များ[12]နှင့် ၁၉၉ဝ ခုနှစ်များတွင် ကရင်လူထုတစ်ရပ်လုံးကိုနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် အဓမ္မပြောင်းရွှေ့နေထိုင်စေခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ ၁၉၇၅ ခုနှစ်နှင့် ၁၉၇၈ ခုနှစ် အကြားတွင်ပင် ကျေးရွာပေါင်း ၈ဝဝ ကျော်မှ နေအိမ်ပေါင်း ၂ဝ,ဝဝဝ ကျော်မီးရှို့ဖျက်စီးခံခဲ့ရသည်ဟု KNU မှခန့်မှန်းခဲ့သည်။[13]

ရွာသားများကြုံတွေ့ရသည့် အကြမ်းဖက်မှုများသည် ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် ပိုမိုဆိုးရွားလာခဲ့ပါသည်။ မြန်မာစစ်တပ်မှ ကရင်ပြည်သူများအပေါ် အဓမ္မပြုကျင့်ခြင်း၊ အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အစားအသောက်နှင့် ငွေကြေးအဓမ္မကောက်ခံခြင်း၊ အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်းများကြောင့် သောင်းနှင့်ချီသောရွာသားများ ထွက်ပြေးခဲ့ကြရခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာများစွာကို KHRG မှ မှတ်တမ်းတင်ခဲ့သည်။ ၂ဝဝဝ ခုနှစ်တွင် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူကရင်ပြည်သူများဆိုင်ရာကော်မတီ (CIDKP) က ကရင်ပြည်နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူ (IDPs) ပေါင်း ၃ဝဝ,ဝဝဝ (၃ သိန်း) ဝန်းကျင်ရှိသည်ဟု ခန့်မှန်းခဲ့သည်။[14]

၂ဝဝဝ ခုနှစ်နောက်ပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်မြောက်ပိုင်းထိုးစစ်ဆင်မှုများအတွင်း ဖြစ်ပွားခဲ့သည့်အကြမ်းဖက်

---

[10] ဗမာစစ်တပ်သည်နယ်မြေဒေသများအား အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များမှထိန်းချုပ်ထားနိုင်သည့်အတိုင်းအတာအပေါ်မူတည်၍ ‘အနက်ရောင်’ ‘အညိုရောင်’နှင့် ‘အဖြူရောင်’ နယ်မြေများအဖြစ် သတ်မှတ်ထားသည်။ စစ်တပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေများအား အညိုရောင်နယ်မြေအဖြစ်ပြောင်းလဲပြီး ထိုမှတဆင့် စစ်တပ်အုပ်ချုပ်မှုအောက်ရှိ အဖြူရောင်နယ်မြေများအဖြစ်သို့တဖြည်းဖြည်းပြောင်းလဲရန်အတွက် နယ်မြေဒေသနှင့် ပြည်သူများအားထိန်းချုပ်နိုင်ရန် သောင်းကျန်းသူရှင်းလင်းရေးလုပ်ဆောင်ချက်များနှင့် စစ်ရေးလှုပ်ရှားမှုများအား ပြင်းထန်စွာဆောင်ရွက်လာကြသည်။

[11] ကရင်အမျိုးသမီးအစည်းအရုံး (KWO) ၏ ၂ဝဝ၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည့် ‘State of Terror’ ။

[12] ၁၉၉၄ ခုနှစ်တွင် ထုတ်ဝေသည့် Martin Smith ၏ “Ethnic Groups in Burma: Development, Democracy and Human Rights” Anti-Slavery International (ASI) Human Rights Series ၏ စာမျက်နှာ ၄၄။

[13] KNU ၏ ၁၉၈၆ ခုနှစ် စက်တင်ဘာလထုတ် KNU သတင်းလွှာတွင် ပါဝင်မှုများအား Paul Keenan ၏ ၂ဝ၁ဝ ခုနှစ်၊ ဇန်နဝါရီလထုတ် “Life in Burma’s Relocation Sites,” Ethnic Nationalities Council, January 2010။

[14] ထိုင်း-မြန်မာနယ်စပ် ညွှန့်ပေါင်းအဖွဲ့ (TBBC) ၏ ၂ဝ၂၂ ခုနှစ်၊ စက်တင်ဘာလ တွင် ထုတ်ပြန်သော “Internally Displaced People and Relocation Sites in Eastern Burma” မှ CIDKP လုပ်ငန်းအစီအစဉ် (2000-01)။

မှုများအား KHRG နှင့် အခြားဒေသတွင်းအဖွဲ့ဝင်များမှ ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။[15] ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဟားဗတ်ဥပဒေကျောင်း၏ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအကြံပေးအဖွဲ့က ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း မြန်မာပြည်အရှေ့ပိုင်းရှိ လက်နက်ကိုင်ထိုးစစ်များနှင့်ပတ်သက်သည့်တရားဝင်စာချွန်လွှာတစ်စောင်ကိုထုတ်ပြန်ခဲ့ပြီး ထိုထုတ်ပြန်ချက်အရ သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ပြည်သူများအားအဓမ္မရွှေ့ပြောင်းခြင်း၊ ကျွန်သဖွယ်အသုံးပြုခြင်း၊ လုယက်ဖျက်စီးခြင်းနှင့် အခြားလူမဆန်သောလုပ်ရပ်များ[16] အပါအဝင် ၎င်းတို့အနေဖြင့် လုံလောက်သောသက်သေများကိုရရှိထားပြီးဖြစ်သည်။ ၎င်းတို့အနေဖြင့် လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှုများနှင့် ညှဉ်းပမ်းနှိပ်စက်မှုများအတွက် သက်သေများကိုလည်းရှာဖွေတွေ့ရှိခဲ့သည်။

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာအရပ်သားတစ်ပိုင်းအစိုးရနှင့် KNU တို့ငြိမ်းချမ်းရေးစကားပြောရန်အတွက် ဖားအံမြို့တွင်ပထမအကြိမ်တွေ့ဆုံခဲ့ကြသည်။ ရလာဒ်အနေဖြင့် KNUမှ ပဏာမအပစ်အခတ်ရပ်စဲရေးကို မြန်မာအစိုးရနှင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာအစိုးရ၊ KNU နှင့် အခြားတိုင်းရင်းသားများကြား ဆက်လက်ဆွေးနွေးမှုများကို ကျင်းပပြုလုပ်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို မြန်မာအစိုးရနှင့် KNU/ KNLA[17] အပါအဝင် ဖိတ်ကြားထားခံရသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့မှ ၈ ဖွဲ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်တွင် ထပ်မံကျင်းပခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)[18]မှ အပြတ်သတ်အနိုင်ရရှိခဲ့သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိအချို့ဒေသများတွင် ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်းက လူ့အခွင့်အရေးနှင့်စီးပွားရေးအခြေအနေများကို တိုးတက်လာစေပြီး NCA ချုပ်ဆိုမှုကြောင့် အခြေအနေများဆက်လက်တိုးတက်ကောင်းမွန်လာခဲ့သည်။ ထိုအထဲတွင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများတိုးမြင့်လာခြင်း၊ ပိုမိုဘေးကင်းလုံခြုံမှုရှိလာသည်ဟုခံစားရခြင်း၊ ပညာရေးအခွင့်အလမ်းနှင့် လွတ်လပ်စွာထုတ်ဖော်ပြော ဆိုခွင့်များပါဝင်သည်။[19] ဤသို့တိုးတက်မှုများရှိသော်လည်း KHRG ၏သတင်းအချက်အလက်များအရ မြန်မာပြည်အရှေ့တောင်ပိုင်းရှိအချို့ဒေသများတွင်လက်နက်ကိုင်တပ်ဖွဲ့များမှလွတ်လပ်စွာလှုပ်ရှားသွားလာမှုများကိုဆက်လက်ကန့်သတ်ထားပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါ ကရုပ်ပိုင်းဆိုင်ရာပြစ်ဒဏ်ပေးခြင်းများကို ဆက်လက်

[15] KHRG ၏ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်သော “Self-protection under strain: Targeting of civilians and local responses in northern Karen State” နှင့် ကရင်အမျိုးသမီးအစည်းအရုံး၏ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော “State of Terror”၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်သော Burma Issues ၏ “Shoot on Sight: The ongoing SPDC offensive against villagers in northern Karen State”။

[16] ဟားဗတ် ဥပဒေကျောင်းမှ နိုင်ငံတကာလူ့အခွင့်အရေးဆေးခန်း ၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်သည့် “Legal Memorandum: War Crimes and Crimes against Humanity in Eastern Myanmar”။

[17] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည်KNU ၏လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

[18] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံအား အုပ်ချုပ်သောနိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ဒီချုပ်ပါတီသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်မှအာဏာသိမ်းပြီး ရွေးကောက်ခံ သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ ဝန်ကြီးများ၊ လက်ထောက်ဝန်ကြီးများနှင့် လွှတ်တော်အမတ်များ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် ဒီချုပ်အစိုးရအားဖယ်ရှားခဲ့သည်။

[19] KHRG ၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလထုတ် “လက်လှမ်းမမှီနိုင်သေးသော အမှန်တရားများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏အမြင်သဘောထားများ”။

ပြုလုပ်ခဲ့သည်။ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများ၏အန္တရာယ်သည်လည်း ဒေသတစ်ဝှမ်းတွင် အလွန်ဆိုးရွားသည့်ခြိမ်းခြောက်မှု တစ်ခုအဖြစ်ကျန်ရှိနေသေးသည်။[20]

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ပညာရေးနှင့်ကျန်းမာရေးအပါအဝင် လူမှုဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုများတိုးတက်မြင့်မားလာရာတွင် ဗမာယဉ်ကျေးမှုနှင့်ဖြစ်တည်မှုများကို အခြေခံသောနိုင်ငံတော်တစ်ရပ်တည်ဆောက်ရန်လုပ်ဆောင်ခြင်းကို ဗမာလူမျိုးကြီးဝါဒကျင့်သုံးခြင်းအဖြစ် ကရင်ရွာသားအများစုကမြင်လာခဲ့ကြသည်။[21] ဥပမာအားဖြင့်ရောနှောအုပ်ချုပ်မှုနယ်မြေများတွင်ကျောင်းများပိုမိုများပြားလာသော်လည်း အသုံးပြုသောသင်ရိုးညွှန်းတမ်းများတွင်များသောအားဖြင့် ကရင်စာပေနှင့်ကရင်ယဉ်ကျေးမှု မပါဝင်ပါ။

ထိုနည်းတူစွာ တိုးတက်ကောင်းမွန်လာသည့်လူ့အခွင့်အရေးအခြေအနေက ဗမာစစ်သားများအတွက် ပြစ်ဒဏ်ပေးခံရခြင်းမရှိပဲ ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် မြေယာသိမ်းမှုများအပါအဝင် အချို့ခရိုင်များတွင် ၎င်းတို့၏စစ်အခြေစိုက်စခန်းအရေအတွက်နှင့် အကျယ်အဝန်းများအားတိုးချဲ့ခြင်းကို ပိုမိုလွယ်ကူစွာလုပ်ဆောင်လာနိုင်စေခဲ့သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းနှင့် စီတန်းလှည့်လည်ခြင်းများအတွက် နိုင်ငံတော်၏တင်းကျပ်သော ဥပဒေမူဘောင်များအရ ဖမ်းဆီးခြင်းနှင့်တရားစွဲဆိုခြင်းများကို ရင်ဆိုင်ခဲ့ရသည်။ ဘာသာရေးဆိုင်ရာလူ နည်းစုများသည်လည်း ဘာသာရေးလွတ်လပ်ခွင့်၊ ဘာသာရေးအဆောက်အဦးများတည်ဆောက်ခြင်းနှင့်ပတ်သက်၍ နေပြည်တော်အစိုးရချမှတ်ထားသည့် ကန့်သတ်ချက်များကိုကြုံတွေ့ခဲ့ရသည်။

## ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ချိုးဖောက်မှုများ

မြန်မာစစ်တပ်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းအပါအဝင် နိုင်ငံတစ်ဝှမ်းရှိလုံခြုံရေးအခြေအနေမှာ လျင်မြန်စွာပိုမိုဆိုးရွားလာခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း ကရင်ပြည်နယ်တစ်ဝှမ်းတွင် ဒီမိုကရေစီလိုလားသည့်ဆန္ဒဖော်ထုတ်မှုများအား အကြမ်းဖက်ဖြိုခွင်းခံရပြီးနောက်တွင် SAC နှင့် ဒေသတွင်းလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများပေါ်ပေါက်လာခဲ့သည်။ တိုက်ပွဲများ၊ စစ်အာဏာရှင်၏ စစ်ရေးလှုပ်ရှားမှုများနှင့် ရွာသားများအပေါ်တိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ်အတွင်းရှိ ရွာသား ၅၀၀,၀၀၀ (၅ သိန်း) ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[22]

မြန်မာစစ်တပ်သည် အတိုက်အခံအဖွဲ့များအားကူညီထောက်ပံ့မှုများကို ဖြတ်တောက်နိုင်ရန် ၎င်း၏ဖြတ်လေးဖြတ်ဗျူဟာဖြစ်သည့် “အားလုံးကို မီးရှို့ဖျက်စီးရန်” နည်းစနစ်ကို ပြန်လည်အသက်သွင်းခဲ့သည်။ အရပ်သားများ၏တည်နေရာများသို့ဦးတည်ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာခဲ့သည်။ စစ်အာဏာရှင်အသစ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အခြေခံပံ့ပိုးမှုများကို ဖျက်စီးနိုင်ရန် အရပ်သားများအတွက်မရှိမဖြစ်လိုသော အရင်းအ

[20] KHRG ၏ ၂၀၁၉ ခုနှစ်၊ မေလထုတ် “အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း – မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နှစ်ရှည်ကြာနေရပ်စွန့်ခွာရခြင်း”, စာမျက်နှာ ၃၂-၃၅။

[21] KHRG ၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလထုတ် “လက်လှမ်းမမှီနိုင်သေးသော အမှန်တရားများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏အမြင်သဘောထားများ”။

[22] ငြိမ်းချမ်းရေးအထောက်အကူပြုကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက် (KPSN) ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် “Kawthoolei IDP Update”။

မြစ်များကို ဖြတ်တောက်ရန် လှုပ်ရှားသွားလာမှုများနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးများအား ပြင်းထန်စွာကန့်သတ်ခဲ့ပြီး ဆေးဝါးနှင့်အစားအသောက်များကို သိမ်းဆည်း၊ လုယူ၊ ဖျက်စီးကာ ထိုသို့ပံ့ပိုးပေးနေသူများအား ဖမ်းဆီးထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့သည်။[23]

ကရင်ပြည်နယ်မှပြည်သူများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ဖြစ်ပေါ်လာသည့် ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် မြန်မာစစ်တပ်၏ တိုက်ရိုက်တိုက်ခိုက်မှုများကို လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ အတွင်းခံစားလာကြရသည်။ မြန်မာစစ်တပ်သည် ၎င်း၏ဖြတ်လေးဖြတ်နည်းဗျူဟာနှင့် သာမက လူနည်းစုအဖွဲ့များ၏ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းကြောင်းနှင့် တိုင်းရင်းသားဖြစ်တည်မှုများအား ဗမာလူမျိုးကြီးဝါဒကျင့်သုံးခြင်းအားဖြင့် တိုင်းရင်းသားလူနည်းစုများအပေါ် ဖိနှိပ်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ် KHRG ၏ အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုတွင် မူတြော်ခရိုင်မှအမျိုးသမီးတစ်ဦး၏ ယခင်အခြေအနေနှင့် လက်ရှိအခြေအနေကိုနှိုင်းယှဉ်ဖော်ပြရာတွင် "အရင်လိုလေကြောင်းတိုက်ခိုက်တာ မခံရတာကလွဲပြီးတော့ ဘာမှထူးခြားမှုမရှိဘူး။ ကျွန်မတို့ဒဏ်ရာတွေ၊ သွေးတွေ၊ သေဆုံးတဲ့သူတွေကို အရင်ကရောအခုရောမြင်ရတယ်။ တိုက်ခိုက်မှုကြောင့် ကျွန်မတို့အရင်ကကြောက်ရွံ့ရတာနဲ့ အခုကြောက်ရွံ့ရတာနဲ့ကအတူတူပဲ။"[24] မြန်မာစစ်တပ်၏ တပ်သားများမှ အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်နေမှုများသည် စစ်ပွဲဥပဒေနှင့်လူ့အခွင့်အရေးဥပဒေအရ တားမြစ်ထားသည့်အရာများဖြစ်ပြီး အောက်တွင်ဖော်ပြထားသကဲ့သို့ စစ်ရာဇဝတ်မှု[25]နှင့်လူသားမျိုးနွယ်စုများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သည်။

[23] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ထုတ် "ငြင်းပယ်ခံပြည်သူများ၏ဘဝများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက်အဝန်းများရင်ဆိုင်ရသော အကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းများ"။

[24] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် "ငြင်းဆို၍မရနိုင်တော့သော - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်း ဒေသခံပြည်သူတို့၏သက်သေခံချက်များ" စာမျက်နှာ ၆၈။

[25] ကရင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများသည် ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲနှင့်ပတ်သက်၍ တည်ဆဲဥပဒေအရ အခြေအနေနှစ်ခုနှင့် အကြောင်းတိုက်ဆိုင်မှုရှိသည်။ နေ့စဉ်ဖြစ်ပွားလျက်ရှိသည့် သတ်ဖြတ်နေမှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများသည် စစ်ပွဲအတွင်း အကြမ်းဖက်မှုများကို မီးမောင်းထိုးပြနေပြီး လက်နက်ကိုင်တပ်ဖွဲ့များမှ ထိုဒေသများအား ထိန်းချုပ်နိုင်စွမ်းရှိခြင်းက ၎င်းတို့၏စီမံခန့်ခွဲမှုအခြေအနေကို ဖော်ပြနေသည်။ ထို့အတွက်ကြောင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေဘောင်အတွင်းဝင်သည်။ တိုက်ပွဲများနှင့်ဆက်စပ်၍ လက်နက်ကိုင်တိုက်ပွဲဥပဒေများအား ဆိုးရွားစွာချိုးဖောက်ခြင်းများသည် စစ်ရာဇဝတ်မှုမြောက်သည်။

# အခန်း (၂) SAC ၏ ရွာသားများအပေါ် တန်ပြန်တိုက်ခိုက်မှုပုံစံများ

ဤအခန်းတွင် SAC မှ အရပ်သားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေမှုများနှင့်ပတ်သက်၍ မေးခွန်းဖြေကြားသူများဖော်ပြထားသည့်အချက် (၇) ချက်အား အခြားကွင်းဆင်းအစီရင်ခံစာများ၏ဖော်ပြချက်များနှင့်အတူ တင်ပြထားသည်။ (၁) အာဏာသိမ်းမှုအားဆန့်ကျင်ဆန္ဒပြမှုများကိုထောက်ခံသည့် အတွက် SAC သည် ရွာသားများအားရန်သူအဖြစ်မြင်ပြီး ပစ်မှတ်ထားတိုက်ခိုက်ကြသည်။ (၂) SAC မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ကူညီထောက်ပံ့မှုများကို ဖြတ်တောက်ရန်ကြိုးစားကြသည်။ (၃) SAC သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြစ်ပွားသည့်တိုက်ပွဲများအပေါ် တုံ့ပြန်သည့်အနေဖြင့် အနီးအနားရှိကျေးရွာများအားတိုက်ခိုက်ကြသည်။ (၄) SAC သည် အရပ်သားများအား ခြောက်လန့်ရန်အတွက် ပစ်မှတ်ထားတိုက်ခိုက်သည်။ (၅) SAC စစ်သားများသည် ရွာသားများ၏ ပိုင်ဆိုင်မှုများအား ၎င်းတို့၏ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် လုယူကြသည်။ (၆) SAC စစ်သားများသည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏တိုက်ခိုက်လိုစိတ်ကို ဖျက်ဆီးရန်အတွက် ရွာသားများအားပစ်မှတ်ထားကြသည်။ (၇) SAC သည် အရပ်သားများကို ၎င်းတို့အားလိုက်နာမှုမရှိသည့်အတွက် တိုက်ခိုက်ခဲ့ကြသည်။ ဤအချက်အားလုံးသည် မြန်မာစစ်တပ်၏ တိုင်းရင်းသားရွာသားများအား ခေါစာခံအဖြစ်အသုံးပြုသည့် အမြစ်တွယ်နေသောဓလေ့များဖြစ်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆယ်စုနှစ်များစွာ လုပ်ဆောင်လျက်ရှိသည်။ ဤပုံစံ ၇ ခုသည် ထပ်နေတတ်သော်လည်း တစ်ခုစီဖော်ပြခြင်းက ကရင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများကိုချပြရန် အထောက်အကူဖြစ်စေသည်။ SAC ၏ အရပ်သားများအပေါ် တိုက်ခိုက်မှုသည် နိုင်ငံတကာဥပဒေများအားချိုးဖောက်နေပြီး စစ်ရာဇဝတ်မှုနှင့်လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သည်။

## (က) SAC မှ ရွာသားများအား ရန်သူအဖြစ်ရှုမြင် ပြီးတုံ့ပြန်တိုက်ခိုက်မှုများ

ရွာသားများက SAC တပ်သားများသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများအား "ရန်သူများ" အဖြစ်ယူဆကြောင်းနှင့် ၎င်းတို့အပေါ်အကြမ်းဖက်မှုများကို ပြုလုပ်လျက်ရှိကြောင်း ကြိမ်ဖန်များစွာဖော်ပြခဲ့သည်။ ဤအစီရင်ခံစာအတွက်စုဆောင်းခဲ့သည့် ရွာသားများ၏သက်သေခံချက်များအရ ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်တွင်နေထိုင်သော အရပ်သားများသည် စစ်အာဏာရှင်၏ အုပ်ချုပ်မှုအား ငြင်းဆန်သူများဖြစ်သည်ဟုယူဆကြသောကြောင့် SAC မှ ပစ်မှတ်ထားတိုက်ခိုက်မှုများပြုလုပ်ရန် တွန်းအားဖြစ်စေသည်။ အချို့သောအခြေအနေများတွင် ရွာသားများသည် အာဏာသိမ်းမှုကိုဆန့်ကျင်ဆန္ဒပြမှုများနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) များတွင် တက်ကြွစွာပါဝင်သူများဖြစ်သည်ဟု ယူဆခံရခြင်းနှင့် တိုင်းရင်းသားမျိုးနွယ်စု တူညီသည့်အတွက် တိုက်ခိုက်ခံရခြင်းများလည်းရှိသည်။

တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဇ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောဆ--- ၏ တင်ပြချက်အရ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒေသခံရွာသားတစ်ဦးသည် ဤအကြောင်းပြချက်ဖြင့်ဖမ်းဆီးခြင်းခံခဲ့ရသည်။ *"သူအဖမ်းခံရတာက အာဏာသိမ်းတာရဲ့အကျိုးဆက်လို့ထင်တယ်။ သူတို့[SAC]က သူတို့သံသယရှိတဲ့ရွာသားတွေကို ဖမ်းချင်တယ်။ သူတို့ [မြန်မာစစ်တပ်] က တိုင်းပြည်ကိုအုပ်ချုပ်ချင်တော့အာဏာလိုချင်တယ်။ ဒါကြောင့် ပြည်သူတွေက သူတို့ကိုဆန့်ကျင်ဆန္ဒပြကြတယ်။ ဒါကြောင့်သူတို့က သံသယရှိတဲ့ရွာသားတွေကိုဖမ်းတယ်။"* ဖမ်းဆီးရန်အကြောင်းပြချက် ခိုင်ခိုင်မာမာမရှိသည့်အတွက် ဤ

သို့ပြုလုပ်ခြင်းသည် အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းဖြစ်ပြီး ၎င်းကို လူ့အခွင့်အရေးဥပဒေ[26]နှင့်နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေများတွင် တားမြစ်ထားသည်။[27] အဓမ္မဖမ်းဆီးခြင်းသည် ရောမဥ ပဒေ၏ ပုဒ်မ ၈(၂)(က)(ဖ) အရ စစ်ရာဇဝတ်မှုမြောက်ပြီး အရပ်သားများအား ကျယ်ကျယ်ပြန့်ပြန့်စနစ် တကျတိုက်ခိုက်ခြင်းသည် ရောမဥပဒေ၏ ပုဒ်မ ၇(၁)(င) အရ လူသားမျိုးနွယ်စုအပေါ်ကျူး လွန်သည့် ရာဇဝတ်မှုမြောက်သည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဘိတ်-ထားဝယ်ခရိုင်၊ တနောသရီမြို့နယ်၊ ဘင--- မြို့တွင် ရိုက်ယူခဲ့သည်။ ပုံတွင် ဒေသ ခံပြည်သူများက စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြနေကြ သည်။ ဆန္ဒပြပွဲပြီးနောက်ရက်အနည်းငယ်အကြာတွင် SAC စစ် သားများသည်ဆန္ဒပြသူများကိုဖမ်းဆီးခဲ့သည်။ (ဓာတ်ပုံ - *KHRG*)

ဒူးပလာယာခရိုင်၊ ဝေါရော်မြို့နယ်၊ နို့ဖထော ကျေးရွာ အုပ်စု၊ လ--- ကျေးရွာမှ ရွာသား တစ်ဦးဖြစ်သော စောည--- က ၎င်း၏အမြင် ကို ဝေမျှခဲ့သည်။ " *[...]* အရပ်သားတွေက သူတို့ *[SAC]* ကို မထောက်ခံဘူးဆိုတာသိ တယ်။ ဒါကြောင့် သူတို့ကို *[ရွာသား]* ရန်သူ အဖြစ်ဆက်ဆံကြတယ်။ ကျွန်တော်အရင် ကပြောခဲ့သလိုပဲ လက်နက်ကြီးရမ်းသမ်းပစ် ခတ်မှုကြောင့် တချို့ရွာသားတွေရဲ့အိမ်တွေ ပျက်စီးခဲ့ရတယ်။ တချို့ရွာသားတွေကဒဏ် ရာရတယ်ဒါမှမဟုတ်သေဆုံးရတယ်။" CDM လှုပ်ရှားမှုများတွင် အမှန်တကယ် ပါဝင်ခြင်း သို့မဟုတ် ပါဝင်သည်ဟု သံသယရှိသည့်အ တွက် SAC မှ အရပ်သားများအားပစ်မှတ် ထားသည့် အလားတူ ဖြစ်ရပ်များနှင့်ပတ် သက်သောအစီရင်ခံစာများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်း ပထမ ၅ လအတွင်း KHRG သို့ ပေးပို့ခဲ့ကြ သည်။[28]

မြန်မာပြည်အရှေ့တောင်ပိုင်းသည် နိုင်ငံအတွင်းရှိလူဦးရေအများဆုံးဖြစ်သည့် ဗမာလူမျိုးနှင့်မတူကွဲ ပြားသည့် ကရင်၊ ရှမ်း၊ မွန်နှင့် ပအိုဝ်စသည့် များစွာသော တိုင်းရင်းသားလူမျိုးစုများနှင့် ယဉ်ကျေးမှုများ တည်ရှိရာနေရာဖြစ်သည်။ မြန်မာစစ်သားများသည် ရွာသားများမှ SAC ၏အုပ်ချုပ်ရေးကိုဆန့်ကျင်

[26] လူအမြောက်အများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် လက်နက်ကိုင်တိုက်ပွဲများဖြစ်ရန် မလိုအပ်ပါ။ သို့သော် လည်း ထိုကျူးလွန်မှုများသည် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျတိုက်ခိုက်မှုများနှင့် ဆက်စပ်နေရမည်။ ကရင်ပြည်နယ်တွင် အရပ်သားများသည် စစ်အုပ်စု၏ပစ်မှတ်ဖြစ်လျက်ရှိပြီး ဤတိုက်ခိုက်မှုများသည် လူများစွာအပေါ်ပစ် မှတ်ထားလျက်ရှိပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလျက်ရှိကာ ဤတိုက်ခိုက်မှုများသည် ဗမာစစ်တပ်၏ တာရှည်စွာတည်ရှိခဲ့ သော စနစ်တကျချမှတ်ထားသည့်မူဝါဒများအတိုင်း ကျင့်သုံးခြင်းဖြစ်သည်။

[27] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ စည်းမျဉ်း အမှတ် ၉၈။ မြန်မာနိုင်ငံအတွင်း အဓမ္မဖမ်းဆီးမှုများသည် လူမဆန်သည့်ဆက်ဆံခြင်းများကိုဖြစ်ပေါ်စေပြီး (စည်းမျဉ်း ၈၇) နှင့် လက်စဖျောက်ခြင်းများ ပါဝင်လေ့ရှိသည်။ (စည်းမျဉ်း ၉၈)။

[28] ဥပမာအားဖြင့် KHRG ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လထုတ် "Doo Tha Htoo Situation Update: Fighting and indiscriminate shelling by SAC forces, April to May 2021", KHRG ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် "Taw Oo District Situation Update: Fighting, displacement, killing, and villagers' livelihoods in Htaw Ta Htoo Township, April to July 2022"။

သည်ဟုယူဆသည့် အခြားအကြောင်းအရင်းမှာ ၎င်းတို့သည် အခြားတိုင်းရင်းသားလူမျိုးစုများဖြစ်နေသောကြောင့်ဖြစ်သည်။ ဒေသအတွင်း လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားပြီးနောက် SAC မှ ပြည်သူများနေထိုင်သည့်နေရာများကို လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများပြုလုပ်ရခြင်းမှာ ၎င်းတို့အနေဖြင့်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ချိတ်ဆက်မှုရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ ၎င်းတို့အားရန်သူအဖြစ်ယူဆခြင်းကြောင့်ဖြစ်သည်ဟု စော ည--- က ဆိုသည်။ "ခင်ဗျားသိတဲ့အတိုင်း ရွာသားတွေက သူတို့ *[SAC]*ရဲ့ ဆွေမျိုးတွေမဟုတ်ဘူး။ *[မျိုးနွယ်စုအားဖြင့်လည်း မတူညီကြပါ။]* ဒါကြောင့် *[KNLA/KNDO*[29]*/ PDF]* တွေက သူတို့ကိုတိုက်ခိုက်ပြီးတာနဲ့ သူတို့ကလက်နက်ကြီးတွေကိုရမ်းသမ်းပစ်ကြတယ်။ သူတို့က ကျွန်တော်တို့ *[မေးခွန်းဖြေကြားသူ၏ ကျေးရွာအနီး KNU ထိန်းချုပ်သည့် နယ်မြေ]* ဒေသမှာရှိတဲ့ပြည်သူတွေကို သူတို့ရဲ့ရန်သူအဖြစ်သဘောထားလို့ လက်နက်ကြီးတွေရမ်းသမ်းပစ်တာဖြစ်တယ်။ ဒီလိုရမ်းသမ်းပစ်ခတ်မှုတွေကြောင့် ရွာသားတွေရဲ့အိမ်တွေပျက်စီးရတယ်။ တချို့ရွာသားတွေကဒဏ်ရာရကြတယ်။" [...] ဒူးပလာခရိုင်၊ နို့တကော်မြို့နယ်၊ ယောကဒေါကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာတွင်နေထိုင်သောရွာသူတစ်ဦးဖြစ်သူ နော်အအ--- မှ “သူတို့က ကော်သူးလေ *[KNLA စစ်သားများ]* တွေကိုရှာမတွေ့တော့ ပြည်သူတွေကိုပဲရန်သူအနေနဲ့ သတ်မှတ်ပြီးပစ်မှတ်ထားကြတယ်။ သူတို့သာ ကျွန်မတို့ကိုရန်သူလို့ မသတ်မှတ်ရင် ကျွန်မတို့ကို ဘာကြောင့်ပစ်မှတ်ထားသတ်ဖြတ်၊ တိုက်ခိုက်နေမှာလဲ။” ဟုပြောပြခဲ့ပါသည်။

ဤအခြေအနေသည် အသစ်မဟုတ်သကဲ့သို့ ဗမာလူမျိုးကိုဗဟိုပြုသောနိုင်ငံ၌ တိုင်းရင်းသားလူနည်းစုများအား မုန်တီး၍ ခွဲခြားဆက်ဆံမှုသမိုင်းနှင့်လည်း ဆက်စပ်နေသည်။[30] ဤခွဲခြားဆက်ဆံမှုကြောင့် SAC ၏တိုက်ခိုက်ခြင်းကိုခံစားရသည့်အတွက် ကရင်ရွာသားများ၏လုံခြုံရေးအပေါ် သက်ရောက်မှုရှိပြီး ပညာရေးနှင့်ကျန်းမာရေးကဲ့သို့သော ၎င်းတို့ဘဝ၏အခြားအစိတ်အပိုင်းများအပေါ်တွင်လည်း ထိခိုက်မှုရှိစေသည်။ ဒူးပလာယာခရိုင်၊ ဝေါရော်မြို့နယ်၊ ထီးဖထောကျေးရွာအုပ်စု၊ ဈ--- ကျေးရွာသူ နော်န--- က အာဏာသိမ်းပြီးသည့်နောက်ပိုင်း အခြေအနေကိုဤသို့ထပ်မံရှင်းပြခဲ့သည်။ “ကျွန်မတို့တွေ *[SAC မှဖွင့်လှစ်သည့် ဆိပ်ကြီးဆေးရုံ]* ဆေးခန်းကိုသွားတော့သူတို့က *[SAC]* ကျွန်မတို့ကို ဂရုတောင်မစိုက်ဘူး။ ကျွန်မတို့ကိုအလေးမထားဘူး။ ကျွန်မတို့ကိုကောင်းကောင်းလည်းမကြည့်ပေးဘူး။ သူတို့က ကရင်လူမျိုးတွေကိုလက်မခံချင်ဘူး။ *[...]* ကရင်လူမျိုးတွေကိုပဲလက်မခံချင်တာ။ *[...]* သူတို့က လူနာတွေကိုအရမ်းဆူတော့ကျွန်မတို့လည်းသည်းမခံနိုင်ဘူး။”

အခြားဥပမာများအရ နှုတ်ဖြင့်ခြိမ်းခြောက်မှုများသည်လည်း SAC အနေဖြင့် ကရင်ပြည်နယ်တွင် နေထိုင်သောရွာသားများအပေါ် “ရန်သူများ” အဖြစ် ယူဆနေသည်ကို ဖော်ပြသည့်လက္ခဏာတစ်ခုဖြစ်နေခဲ့သည်။[31] ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ဘဝ--- ကျေးရွာအုပ်စု၊ ဌ--- ကျေးရွာမှ မေးခွန်းဖြေကြားသူ အမျိုးသမီးတစ်ဦးဖြစ်သော မစ--- ၏ ရှင်းပြချက်အရ “သူတို့က ရွာတွေထဲကို ရွာသားတွေရှိတုန်း ဝင်လာရင်ရွာသားတွေကိုဒီလိုပြောတယ်။ ‘ခင်ဗျားတို့က အဲ့ဒီအဖွဲ့လက်အောက်မှာနေနေတယ်။ *[PDF တွေကရွာထဲမှာရှိတယ်။]* အဲ့ဒီအဖွဲ့နဲ့ပူးပေါင်းတယ်။ ခင်ဗျားတို့ကငပွေးတွေ *[ကရင်စစ်သားများအား မြန်မာစစ်တပ်မှခေါ်ဝေါ်သောအသုံးအနှုန်း]*၊ သူပုန်တွေပဲ။ ခင်ဗျားတို့ကို အရှင်မထားသင့်ဘူး။ တကယ်လို့ခင်ဗျား

---

[29] ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO)သည် KNU ၏လက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြစ်သည်။

[30] KHRG ၏ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလထုတ် “ခြိမ်းခြောက်မှုအောက်မှ လူနည်းစုများ၊ အန္တရာယ်ကျရောက်နေသော မတူကွဲပြားမှုများ၊ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်များ”။

[31] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လထုတ် “Mergui-Tavoy District Situation Update: Shelling, displacement, threats, arrest, travel restrictions and telecommunication shutdowns in Ler Doh Soh Township, April to May 2022”။

တို့ကိုအရှင်ထားရင် အဆိပ်ပင်ရေလောင်းသလိုပဲဖြစ်နေမယ်။” ထိုနည်းတူ မစ--- က ဤသို့တင်ပြခဲ့သည်။ *“သူတို့ [SAC] က ရွာသားတွေကိုဒီလိုခြိမ်းခြောက်တယ်။ အကယ်၍ခင်ဗျားတို့ KNU လက်အောက် [KNU ထိန်းချုပ်နယ်မြေ] မှာပဲနေမယ်ဆိုရင် ခင်ဗျားတို့အသက်ဆုံးရှုံးရလိမ့်မယ်။ ကျွန်တော်တို့က ခင်ဗျားတို့ကိုသတ်ပစ်မယ်။”* ဒေသခံလူမှုအသိုက်အဝန်းအား KNU ထိန်းချုပ်မှုဒေသများတွင်နေထိုင်သောကြောင့် ဆန့်ကျင်ပုန်ကန်သူများအဖြစ်ယူဆနေခြင်းကို SAC ၏ ကြာရှည်စွာအ သုံးပြုခဲ့သော “ဖြတ်လေးဖြတ်” ဗျူဟာနှင့်ဆက်စပ်သည့်အတွက်နောက်အခန်းတွင် ဆက်လက်ဖော်ပြမည်ဖြစ်သည်။

SAC မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူများအား ၎င်းတို့၏အုပ်ချုပ်မှုစနစ်အား ငြင်းဆန်သူများအဖြစ်သတ်မှတ်၍ ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် လူ့ကျင့်ဝတ်အရ သို့မဟုတ် ဥပဒေအရ တရားမျှတမှုမရှိပါ။ အရပ်သားများအားခွဲခြားဆက်ဆံခြင်းကို တည်ဆဲနိုင်ငံတကာဥပဒေအရ အတိအလင်းတားမြစ်ထားသည်။[32] ဤသို့တားမြစ်ချက်များရှိသော်လည်း မြန်မာစစ်တပ်သည် ပြည်သူတစ်ရပ်လုံးအား ၎င်းတို့၏ရန်သူများအဖြစ်သတ်မှတ်ကာ ခွဲခြားဆက်ဆံမှုများပြုလုပ်လျက်ရှိသည်။ ထို့အပြင် SAC ၏ တိုက်ခိုက်မှုများသည် လူမှုရေး၊ တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် နိုင်ငံရေးဆက်နွယ်မှုများအရ သတ်မှတ်ထားသည့်အုပ်စုများအား ဦးတည်တိုက်ခိုက်နေခြင်းဖြစ်ပြီး ရောမဥပဒေ ပုဒ်မ ၇(၁)(ဇ) အရ လူအမြောက်အများအပေါ်ကျူးလွန်သည့်ရာဇဝတ်မှုမြောက်သည်။ မြန်မာစစ်တပ်သည် ခွဲခြားဆက်ဆံမှုများနှင့် ညှဉ်းပမ်းနှိပ်စက်မှုများအား တားမြစ်ထားသည့် အခြေခံမူများကို ချိုးဖောက်နေခြင်းဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြုစံချိန်စံနှုန်းများအား လုံးဝအရေးမစိုက်ကြောင်းကိုပြသနေသည်။

## (ခ) လက်နက်ကိုင်တော်လှန်ရေးအတွက် ထောက်ပံ့မှုများကိုပိတ်ပင်ရန် ရွာသားများအားလက်တုံ့ပြန်ခြင်း

ကရင်ပြည်နယ်အတွင်းရှိရွာသားများအား ပစ်မှတ်ထားခြင်းသည် “ဖြတ်လေးဖြတ်ဗျူဟာ” နှင့် ဆက်နွယ်မှုရှိပြီး ထိုသို့လုပ်ဆောင်ခြင်းမှာ ရွာသားများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား အစားအသောက်၊ ငွေကြေး၊ နည်းပညာနှင့် တပ်သားသစ်စုဆောင်းမှုများကိုဖြတ်တောက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤနည်းဗျူဟာအား ၁၉၆၀ ခုနှစ်အစောပိုင်းကစပြီး ကရင်ပြည်နယ်အတွင်း ပထမဆုံးအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်တွင် မြန်မာစစ်တပ်မှ ထပ်မံအသုံးပြုခြင်းဖြစ်သည်။[33]

အရပ်သားများအား ဖြတ်လေးဖြတ်နည်းဗျူဟာအရ ပိတ်ပင်မှုများပြုလုပ်ရန် ပစ်မှတ်ထားရာတွင် ဒေသခံရွာသားများထံမှ တပ်သားသစ်များနှင့်သတင်းအချက်အလက်များကို တိုင်းရင်းသားလက်နက် ကိုင်တပ်ဖွဲ့များထံသို့စီးဆင်းမှုအား လျှော့စေရန်အတွက် လက်နက်ကြီးများအား ရမ်းသမ်းပစ်ခတ်ခြင်း သို့မဟုတ် ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခြင်းတို့လည်း ပါဝင်သည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မဲကလောကျေးရွာအုပ်စု၊ ဌ--- ကျေးရွာ မှ ရွာသားတစ်ဦးဖြစ်သော စောဗ--- က ဤသို့ ရှင်းပြခဲ့သည်။ *“လက်နက်ကြီးကတော့ဆက်ပစ်နေတုန်းပဲ။ သူတို့ကိုတိုက်ခိုက်တာ မရှိမှပဲ SAC စစ်သားတွေက ငြိမ်သွားကြတယ်။ […] [ရွာတွေအပေါ် လက်နက်ကြီးမပစ်တော့ဘူး။] ‘ပြည်သူတွေကလက်နက်ကိုင်*

[32] ဓလေ့ထုံးတမ်းဆိုင်ရာနိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ၊ ICRC ၏ စည်းမျဉ်း ၈၈။

[33] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် “ငြင်းဆိုရှုံမရနိုင်တော့သော - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်း ဒေသခံပြည်သူတို့၏သက်သေခံချက်များ”။

တပ်ဖွဲ့တွေရဲ့အားဖြစ်တယ်။' လို့သူတို့ကပြောတယ်။ SAC က ရွာရဲ့ ပတ်ဝန်းကျင် ဒါမှမဟုတ် ရွာတွေထဲကို လက်နက်ကြီး ပစ်တော့ ရွာသားတွေကိုထိတယ်။" ဤအချက်ကို  တောအူးခရိုင်၊ ထောတထူမြို့နယ်၊ မော်နေပွာ နယ်မြေမှ ဘအ--- ရွာသား တစ်ဦးဖြစ်သည့် စောဇ--- ၏ သက်သေခံချက်ကပံ့ပိုးပေးသည်။ "သူတို့ *[SAC]* ကို လူအများစုက ဆန့်ကျင်ကြတော့သူတို့က ရွာသားတွေကို ခြိမ်းခြောက်တယ်။ ရွာသားတွေက *[တော်လှန်နေတဲ့]* သူတွေကိုတိုက်တွန်း၊ ကာကွယ်၊ ပံ့ပိုးပေးတယ်လို့သူတို့ထင်တယ်။ ဒါကြောင့် ရွာသားတွေကိုခြိမ်းခြောက်ရင်သူတို့ကိုဆန့်ကျင်နေတဲ့သူတွေရဲ့အားကိုလျှော့ချနိုင်လိမ့်မယ်လို့ သူတို့တွေ  *[SAC]* က ထင်နေလိမ့်မယ်။"







အထက်ပါပုံများကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ငါးပြင်မကျေးရွာအုပ်စု၊ တောင်ကြာအင်းကျေးရွာတွင် ရိုက်ယူခဲ့သည်။ ဤပုံများကို တောင်ကြာအင်းကျေးရွာအတွင်း SAC မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခဲ့ပြီးရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံတွင် လက်နက်ကြီးပစ်ခတ်မှုကြောင့်ထိခိုက်ပျက်စီးသွားခဲ့သောအိမ်တစ်လုံးနှင့် မပေါက်ကွဲဘဲကျန်ရှိနေသည့်လက်နက်ကြီးကျည်တစ်လုံးကိုပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*

မေးခွန်းဖြေကြားသူအများစုက ဤနည်းဗျူဟာ၏သက်ရောက်မှုအချို့ကို SAC မှ ခရီးသွားလာမှုကန့်သတ်ခြင်းနှင့် ၎င်းတို့၏ စစ်ဆေးရေးဂိတ်များတွင် ရွာသားများ၏ပစ္စည်းဥစ္စာများကို လုယက်ခိုးယူခြင်းများအားဖြင့် ဖော်ပြကြသည်။ ရွာသားများအနေဖြင့် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များအားပံ့ပိုးပေးသည်ဟု စစ်သားများကသံသယရှိသောကြောင့် ၎င်းတို့အနေဖြင့် မကြာခဏဆိုသလို ဆန်ပမာဏအမြောက်အများသယ်ယူပို့ဆောင်ခွင့်မရကြပါ။[34] မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဘဘ---

[34] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် "Dooplaya District Short Update: Skirmishes between armed groups and indiscriminate shelling result in displacement, casualties and destruction of villagers' property (October 2021)"၊ ၂၀၂၃ ခုနှစ် မတ်လထုတ် "Mergui-Tavoy District Situation Update: Arbitrary arrest and detention, looting and property damage, indiscriminate shelling, SAC militarisation, movement restrictions, and livelihood challenges, June to September 2022"။

ကျေးရွာမှ ရွှေ့ပြောင်းရွာသားတစ်ဦးဖြစ်သော စောအအ--- က *“[အာဏာသိမ်းပြီးနောက်] နယ် ခြားစောင့်တပ် (BGF)*[35] *တွေက သူတို့တွေအနေနဲ့ ရွာသားတွေကိုသွားလာခွင့်ပေးခဲ့ရင် KNLA က ရွာ သားတွေဆီကနေ သတင်းအချက်အလက်တွေရမယ်၊ ရွာသားတွေက KNLA စစ်သားတွေကို ဆန်တွေထောက်ပံ့မှာစိုးတယ်။ ဒါကြောင့် BGF က ရွာသားတွေကိုခရီးသွားလာခွင့်ကန့်သတ်ထားတာဖြစ်တယ်။”* ဤသို့ ကန့်သတ်တားမြစ်ခြင်းသည် အထူးသဖြင့်သီးနှံအထွက်နှုန်းနည်းချိန် သို့မဟုတ် နေရပ်ရွှေ့ပြောင်းနေထိုင်ချိန်များတွင် ဒေသခံလူမှုအသိုက်အဝန်းအတွက် များစွာထိခိုက်နစ်နာစေသည်။[36] ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဘ-- က ဖော်ပြခဲ့သည်မှာ *“လူတွေက အစားအသောက်အတွက် ကားတွေ ဆိုင်ကယ်တွေနဲ့ သွားလာတဲ့အခါ သူတို့ [SAC] ကလမ်းပိတ်ပြီး နေ့စွဲနဲ့အချိန်သတ်မှတ်ပြီး ဖြတ်သန်းသွားလာခွင့်ကန့်သတ်တဲ့အမိန့်ထုတ်ခဲ့တယ်။ ကျွန်တော်တို့ဒေသက ရွာသားတွေကထွက်ပြေးတိမ်းရှောင်နေရတော့ သူတို့အနေနဲ့ မိသားစုအတွက်စပါးလုံလုံလောက်လောက်မရိတ်သိမ်းရဘူး။ ဒါကြောင့် အစားအသောက်ကိုမြို့ပေါ်တက်ဝယ်ရတယ်။ သူတို့ [SAC] က ကျွန်တော်တို့ကို ဆန်တွေအများကြီးတင်ခွင့်မပေးဘူး။ ရွာသားတစ်ယောက်ကို ဆန်တစ်အိတ်ပဲသယ်ခွင့်ရတယ်။ တခါတလေ သူတို့ကဆန်သယ်ခွင့်ပေးပေမယ့်တခါတလေအခွင့်မပေးဘူး။ [...] ရွာသားတွေက [KNLA] စစ်သားတွေကိုကျွေးမယ်ထင်တဲ့အတွက်ပြည်သူတွေကိုအမြဲဖိနှိပ်ကြတယ်။”*

ရွာသားများနှင့် တော်လှန်ရေးတပ်ဖွဲ့များအကြားရှိ ဤသို့သံသယဝင်ဖွယ်ချိတ်ဆက်မှုများမှာ တခါတရံတွင်အခြေအမြစ်မရှိခြင်းမဟုတ်ပါ။ ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ဘဝ--- ကျေးရွာအုပ်စု၊ ဥ--- ကျေးရွာမှ မေးခွန်းဖြေကြားသူအမျိုးသမီးတစ်ဦးဖြစ်သည့် မစ--- ၏ ရှင်းပြချက်အရ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကျိုက်ထိုမြို့နယ်၌ဖြစ်ပွားခဲ့သည့် SAC ၏ တိုက်ခိုက်မှုမှာ PDF အားထောက်ပံ့သူများနှင့် သတင်းပေးများက ကျေးရွာအတွင်းနေထိုင်သည့်အတွက်ဖြစ်သည်။ *“SAC က အိမ်တွေကိုမီးရှို့တယ်ဆိုတာဘာကြောင့်လဲဆိုတော့ PDF တွေကိုထောက်ပံ့တဲ့သူတွေနဲ့ သတင်းပေးတွေအများကြီးရွာထဲမှာနေနေကြတယ်။ သူတို့ကပြောတယ်။ ဒီရွာမှာ PDF မှာ ပါဝင်နေတဲ့ရွာသားတွေရှိတယ်။”* မျက်မြင်သက်သေမှ KHRG အားတင်ပြခဲ့သကဲ့သို့ *“SAC စစ်သားတွေက ရွာထဲကရွာသားတွေ [ထိုအမျိုးသမီး၏ ခင်ပွန်းသည်အပါအဝင်] ပျောက်တာတွေ့တော့ ရွာထဲကအမျိုးသမီးတစ်ယောက်ကို ပါးရိုက်တယ်၊ ကန်လည်းကန်ကြတယ်။ သူတို့က မိန်းမဖြစ်သူကိုလက်မြှောက်ခိုင်းထားပြီး ရွာအတွင်း လှည့်ပတ်သွားပြီးတော့ ဘယ်အိမ်တွေပါလဲဆိုတာပြခိုင်းတယ်။ SAC က PDF နဲ့ KNU ကို ပစ်မှတ်ထားပြီး ဒီလိုအရာတွေအားလုံးကို ရွာသားတွေအပေါ်မှာကျူးလွန်ကြတယ်။”* ဤအဖြစ်အပျက်တွင် SAC စစ်သားများသည် ရွာသားများအားသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း [အရေအတွက် အတိအကျမသိရ] နှင့် နေအိမ်များအားမီးရှို့ဖျက်စီးခြင်းကို ပြုလုပ်ခဲ့သည်။

ရွာသားများနှင့် တော်လှန်ရေး တပ်သားများအ ကြားချိတ်ဆက်မှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေမိ သားစုဝင်များနှင့် အရပ်သားများအားပစ်မှတ်ထားတိုက်ခိုက်ခြင်းကို စစ်ပွဲဆိုင်ရာဥပဒေတွင်တားမြစ်ထား

---

[35] မြန်မာစစ်တပ်၏ နယ်ခြားစောင့်တပ် (BGF) တပ်ရင်းများအား ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းတို့အား DKBA ၏ ယခင်ကအဖွဲ့ဝင်များကဲ့သို့ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များမှ တပ်သားများနှင့် ဖွဲ့စည်းထားသည်။ ၎င်းတို့သည် ဗမာအစိုးရနှင့် ပစ်ခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဗမာစစ်တပ်၏ တပ်ရင်းတစ်ခုအဖြစ်ပြောင်းလဲရန် သဘောတူခဲ့သည်။

[36] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် “Mergui-Tavoy District Situation Update: SAC military activities and travel restrictions, livelihood challenges, education, an armed clash, displacement and indiscriminate shelling by the SAC, April to May 2022”။

သည်။ ရမ်းသမ်းတိုက်ခိုက်မှုများသည် စစ်ပွဲဆိုင်ရာဥပဒေအရ တရားဝင်မှုမရှိသည့်အပြင် စစ်ရာဇဝတ်မှုလည်း မြောက်နိုင်သည်။[37] အရပ်သားများနှင့် စစ်ရေးပစ်မှတ်များအား ခွဲခြားခြင်းမရှိပဲလက် နက်ကြီးများပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက် ခိုက်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ[38]၏ အသေးစိတ်အချက်အလက်များအား ချိုးဖောက်ခြင်းဖြစ်သည်။ ထို့အပြင် ဝေ်မွတ်မှုဒဏ်ခံစားရနိုင်သည့် ဆင်းရဲသောနေရာများတွင် အစားအစာသိုလှောင်မှုအား ရည်ရွယ်ချက်ရှိရှိကန့်သတ်ခြင်းသည် အစားအစာလုံလောက်စွာရရှိခွင့်[39] ကို လေးစားလိုက်နာရမည့်အစိုးရ (သို့မဟုတ် အစိုးရအဖြစ်တာဝန်ယူမည့် အဖွဲ့အစည်း) ၏တာဝန်အား ပျက်ကွက်ခြင်းဖြစ်သည်။ အကယ်၍ အရပ်သားပြည်သူများအား ငတ်ပြတ်စေနိုင်သည်အထိ အခြေအနေဆိုးရွားလာပါက ဤတားမြစ်ပိတ်ပင်မှုများသည် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေအား ဆိုးရွားစွာချိုးဖောက်နေခြင်းဖြစ်သည်။[40]




ဤပုံကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ထီးမူးထကျေးရွာတွင်ရိုက်ယူခဲ့သည်။ ပုံတွင် မတ်လ ၂၄ ရက်နေ့၌ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း SAC ခမရ (၃၅၅)မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခဲ့၍ လူနေအိမ်တစ်လုံးအား ထိမှန်၍ပျက်စီးခဲ့သောပုံကို ပြထားပါသည်။ ထို့အပြင် အသက် (၁၇) နှစ်အရွယ်မိန်းကလေးတစ်ဦးကို လက်နက်ကြီးထိမှန်၍သေဆုံးခဲ့ပြီး အခြားရွာသားသုံးဦးလည်းထိခိုက်ဒဏ်ရာရရှိခဲ့သည်။ *(ဓာတ်ပုံ - KHRG)*

## (ဂ) တိုက်ပွဲများဖြစ်ပွားပြီးနောက်ပိုင်း အရပ်သားများအားတုံ့ပြန်တိုက်ခိုက်ခြင်း

အထက်တွင်ဖော်ပြထားသည့် အရပ်သားများအားဒေးစာခံအဖြစ်အသုံးပြုခြင်းအပြင် တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်မှ ကျူးလွန်သည့် သမိုင်းကြောင်းတလျှောက်လုပ်ဆောင်ခဲ့သည့် ပုံစံများအတိုင်း SAC တပ်များနှင့် လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့များအကြားတိုက်ပွဲများဖြစ်ပွားပြီး နောက်ပိုင်းတွင် SAC တပ်သားများသည် အမြဲတစေအရပ်သားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း ရွာသားများက ဖော်ပြခဲ့သည်။ ဤပုံစံသည် နေရာအနှံ့ဖြစ်ပွားလျက်ရှိပြီး ဤအစီရင်ခံစာအတွက် မီငြမ်းခဲ့သည့် ယခင်ကထုတ်ဝေခဲ့သည့် အစီရင်ခံစာများမှတစ်ဝက်သည် အနီးအနားတွင်ဖြစ်ပွားသည့်လက်နက်ကိုင်တိုက်ပွဲများပြီးနောက် အရပ်သားများအားတိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်းနှင့် မေးခွန်းဖြေကြားသူများထဲမှတစ်ဝက်ကလည်း အလားတူပုံစံအတိုင်း တုံ့ပြန်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များဝေမျှခဲ့သည်။ ထိုဖြစ်ရပ်များအားလုံးတွင် SAC တပ်သားများသည် တိုက်ပွဲအားဦးဆောင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအစား ရွာသားများအား တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။

[37] ဓလေ့ထုံးတမ်းဆိုင်ရာနိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၁၊ ၇၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ အား ချိုးဖောက်ခြင်း။ ရောမဥပဒေ ပုဒ်မ ၈ (၂) (င) (ဆ) အရ စစ်ရာဇဝတ်မှုမြောက်သည်။
[38] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၁၂၊ ၁၃၊ ၁၅၊ ၁၇။
[39] အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ၊ ဓလေ့ထုံးတမ်းဥပဒေ ပုဒ်မ ၂၅ (က)၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ပုဒ်မ ၁၁ (၁)။
[40] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၅၃။




ဤပုံတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် SAC မှ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှု ပြုလုပ်ခဲ့ခြင်းကြောင့် လူနေအိမ်တစ်လုံးထိမှန်၍ ပျက်စီးသွားခဲ့သောအခြေအနေကိုဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤပုံကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့၌ တောအူးခရိုင်၊ ထောတထူမြို့နယ်အတွင်း SAC မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ပြီးနောက်တွင် မပေါက်ကွဲဘဲ ကျန်ရှိနေသောဗုံးတစ်လုံးကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

SAC မှ လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားပြီးနောက်ပိုင်း ရွာသားများအပေါ်တုံ့ပြန်တိုက်ခိုက်သည့် အဓိကပုံစံများမှာ ကျေးရွာများအားလက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခြင်းတို့ဖြစ်သည်။ မြန်မာစစ်တပ်သည် မကြာခဏဆိုသလို လက်နက်ကိုင်အဖွဲ့များနှင့်အရပ်သားများအကြား သို့မဟုတ် စစ်ဘက်ဆိုင်ရာပစ်မှတ်များနှင့် အရပ်သားပြည်သူများအကြား ခွဲခြားခြင်းမရှိခဲ့ပါ။ အကြောင်းမှာ SAC တပ်သားများသည် ၎င်းတို့တိုက်ခိုက်ခံရသည့်နေရာအနီးအနားရှိ ကျေးရွာများကိုသာတိုက်ခိုက်ခဲ့သောကြောင့်ဖြစ်သည်။[41] မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလဲဒေသ၊ ဘဒ--- ကျေးရွာအုပ်စုမှ ရွာသားတစ်ဦးဖြစ်သော စောအခ--- က ရှင်းပြခဲ့သည်မှာ *"[အာဏာသိမ်းပြီးသည့်အချိန်မှစ၍] တကယ်လို့ [SAC နှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား] တိုက်ပွဲမဖြစ်ဘူးဆိုရင်တော့ ကျေးရွာတွေထဲကိုတိုက်ရိုက်ပစ်ခတ်တာမျိုးမရဘူး။ ဒီနေရာအနီးတဝိုက်မှာတိုက်ပွဲဖြစ်တယ်ဆိုမှ လက်နက်ကြီးပစ်လေ့ရှိတယ်။ အဝေးကနေတောင်လက်နက်ကြီးပစ်သံတွေကြားရတယ်။ [အနီးအနားဒေသများတွင်] တိုက်ပွဲဖြစ်ပြီးဆိုတာနဲ့ လက်နက်ကြီးပစ်တဲ့အသံညတိုင်းကြားရတယ်။"*

အချို့အခြေအနေများတွင် SAC တပ်မှ ဒေသတွင်းရှိတော်လှန်ရေးတပ်ဖွဲ့များရှိသည်ကို သိနေသောကြောင့် ရွာသားများအားပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်ဟု မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဘအ--- ကျေးရွာမှ စောအဒ--- က ဤကဲ့သို့ရှင်းပြခဲ့သည်။ "သူတို့ *[SAC]*တွေက ရွာတွေကို လုံခြုံရေးယူပေးနေတဲ့လက်နက်ကိုင်တပ်ဖွဲ့တွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့တယ်။" ဤကဲ့သို့လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းနှင့် လေကြောင်းဖြင့်တိုက်ခိုက်ခြင်းတို့သည် အရပ်သားများအပေါ် မဆင်မခြင်တိုက်ခိုက်ခြင်းဖြစ်ပြီး နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်နေခြင်းပင်ဖြစ်သည်။

[41] ဥပမာအားဖြင့် KHRG ၏ ၂၀၂၂ ခုနှစ်၊ မေလထုတ် "Dooplaya District Situation Update: Killing, fighting, indiscriminate shelling, air strikes and displacement, March 2022", KHRG ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် "Dooplaya District Situation Update: SAC military activity, displacement, livelihood challenges, travel insecurity and education, March to May 2022"။





အထက်ပါပုံများကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့နှင့် ၂၂ ရက်နေ့ကြားတွင်ရိုက်ယူခဲ့သည်။ ပထမပုံသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့၌ ဒူးသထူခရိုင်တွင် SAC စစ်သားများသည် နော်ဟ---ကို ညှဥ်းပန်းနှိပ်စက်၍ သတ်ဖြတ်ခဲ့ပြီးနောက် သူမ၏ရုပ်အလောင်းကိုဖော်ပြထားသည်။ ဒုတိယပုံတွင် ဒေသအတွင်း SAC မှတိုက်ပွဲဖြစ်ပွားပြီး လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုနှင့် နော်ဟ--- အသတ်ခံရပြီးနောက်တွင် ဒေသခံရွာသားများ ထွက်ပြေးပုန်းရှောင်နေသောအခြေအနေကို ဖော်ပြထားသည်။ (ဓာတ်ပုံ – ဒေသခံရွာသား)

ရွာသားများအနေဖြင့်တိုက်ပွဲများဖြစ်ပွားပြီးနောက် အခြားချိုးဖောက်မှုများဖြစ်သည့် အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် ရမ်းသမ်းပစ်ခတ်ခြင်းကို ရင်ဆိုင်ကြရသည်။[42] ဒူးသထူခရိုင်တွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဥ်တစ်ခုက ဤအခြေအနေကိုပုံဖော်ပေးထားသည်။ ဒေသအတွင်း SAC တပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားပြီးနောက်တွင် နော်ဟ--- သည် SAC တပ်သားများ၏အကြမ်းဖက်သတ်ဖြတ်ခြင်းခံခဲ့ရသည်။ သူမ၏ခင်ပွန်းဖြစ်သူ စောမ---က ဤသို့သက်သေခံခဲ့သည်။ “ကျွန်တော်တို့ ရာဘာခြံထဲမှာရှိနေတုန်း သေနတ်သံတွေကြားလို့ သူမကို ပြောလိုက်တယ်။ “ဒါး (စောမ---၏မိန်းမ)၊ ခြံစည်းရိုးအတိုင်းပြေး။ [...] ကျွန်တော်က သူမနောက်ကနေ လိုက်ပြေးပေမယ့် သူမကိုမတွေ့တော့ဘူး။ ဒါနဲ့ သူတို့နည်းနည်းဝေးတဲ့နေရာကို ပြေးသွားတယ်လို့ထင်မိတယ်။ ကျွန်တော်သူမကို နောက်တစ်ခါခေါ်ပေမယ့် သူမမကြားဘူး။ အဲ့ဒီအချိန် ကျွန်တော့်နောက်မှာ သေနတ်သံတွေကြားလို့ သူ့ကိုမရှာနိုင်ခဲ့ဘူး။”[43] အချိန်တိုအတွင်း နော်ဟ---အား နှိပ်စက်ညှဥ်းပမ်းခံထားရသည့် အလောင်းကိုရှာတွေ့ခဲ့သည်။ SAC နှင့် BGF များက KNLA နှင့် ပတ်သက်၍ သူမအားမေးမြန်းပြီးနောက်ညှဥ်းပန်းနှိပ်စက်၍သတ်ဖြတ်ခဲ့ခြင်းဖြစ်မည်ဟုဒေသခံရွာသားများကယုံကြည်ကြသည်။

အခြားသော ကိစ္စရပ်များတွင် SAC တပ်သားများမှ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏တိုက်ခိုက်မှုခံရပြီးနောက်ပိုင်းတွင် ရွာသားများ၏ပိုင်ဆိုင်မှုပစ္စည်းများအား ခိုးယူဖျက်ဆီးကြောင်းကို မီးမောင်းထိုး

[42] ဥပမာအားဖြင့် KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် “Mu Traw District Situation Update: Human rights violations including looting, killing, arbitrary arrest and torture, and the burning of houses and villages, April to July 2021”, KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် “Mu Traw District Incident Report: Torture of three villagers in Dwe Lo Township by an SAC officer, August 2021”

[43] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် “Doo Tha Htoo District Incident Report: SAC and BGF tortured and killed a female villager in Bilin Township, December 21st 2021”။

ပြထားသည်။[44] ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ထီးဖိုးနဲကျေးရွာအုပ်စု၊ ဘဂ--- ကျေးရွာမှ ရွာသူကြီးတစ်ဦးဖြစ်သည့် စောအဂ---က ထိုဒေသတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏တိုက်ခိုက်မှုအပြီး နောက်ဆက်တွဲ ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်တစ်ခုအား ဖော်ပြခဲ့သည်။ *“သူတို့တွေကြားမှာ [SAC ၊ BGF နှင့် KNLA] တိုက်ပွဲတွေ ဖြစ်ပြီးတော့ သူတို့တွေ [SAC နှင့် BGF] [ဘယ---] ရွာထဲကို ဝင်လာပြီး ဆိုလာပြား တစ်ပြား၊ [ရွှေ] ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံ၊ ကျောက်စိမ်းလက်စွပ်တစ်ကွင်းနဲ့ ဆန်တစ်ပုံးကို ရွာသားတွေဆီကယူသွားတယ်။ […] သူတို့က ရွာသားတွေကို [KNLA] သတင်းအချက်အလက်ပေးလို့ အပြစ်ပေးဖို့အတွက် ရွာသားတွေကိုဒီလိုတုံ့ပြန်လုပ်ဆောင်တယ်။”* SAC တပ်သားများသည် စစ်ဆင်ရေးအတွင်း ၎င်းတို့၏ကိုယ်ပိုင်ရယူလိုမှုအတွက် ရွာသားများထံမှပိုင်ဆိုင်မှုများကို လုယူကြသည်။ ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ဘဝ---ကျေးရွာမှ မစ---က သူမ၏ဒေသအတွင်း တိုက်ပွဲဖြစ်ပွားပြီးနောက်တွင် SAC မှ ပစ္စည်းများလုယက်ခဲ့ပုံကိုပြောပြခဲ့သည်။ *“သူတို့က အိမ်တွေအားလုံးထဲကို ဝင်တယ်။ သူတို့က ဆန်လေးဗူးတွေ့ရင် လွှင့်ပစ်လိုက်တယ်။ တကယ်လို့ သူတို့လိုချင်တဲ့ပိုက်ဆံတွေ၊ တန်ဖိုးရှိတဲ့အရာတွေ တွေ့တယ်ဆိုရင်တော့ သိမ်းယူထားလိုက်ကြတယ်။ သူတို့က အဝတ်အစားကောင်းတွေကိုလည်းသိမ်းယူကြတယ်။”*

အခြားဖြစ်ရပ်များတွင် SAC တပ်သားများသည် ဒေသတွင်းရှိလက်နက်ကိုင်တပ်ဖွဲ့များ၏ တည်နေရာအားရှာဖွေနိုင်ခြင်းမရှိသည့်အပေါ် ၎င်းတို့အစားရွာသားများအားပစ်မှတ်ထားခဲ့ကြောင်း တစ်ချို့ရွာသားများကဖော်ပြခဲ့သည်။[45] ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယော့ကဒေါကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နော်အင--- က ဤသို့ရှင်းပြခဲ့သည်။ *“ဒါက [၂၀၂၂ ခုနှစ်၊နိုဝင်ဘာလတွင် SAC မှ ကျေးရွာအနီးအနားရှိ မိုင်းတွင်းတစ်ခုအား လေကြောင်းတိုက်ခိုက်ခဲ့ခြင်း] လုံးဝ အရပ်သားတွေကိုဖိနှိပ်တာပဲ။ သူတို့[SAC] က သူတို့ရဲ့ ရန်သူ[KNLA] ကို ရှာမတွေ့တာနဲ့ အရပ်သားတွေကိုတိုက်ခိုက်ကြတယ်။ ဒီကိစ္စမှာ သူတို့အနေနဲ့ KNLA ကိုပစ်မှတ်ထားတာမဟုတ်ဘူး။”* ထို့နည်းတူ အခြားဖြစ်ရပ်တစ်ခုမှာ ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် KNLA မှ ဆွဲမိုင်းကို အသုံးပြု၍ တိုက်ခိုက်ခြင်းကိုခံရပြီးနောက်တွင် စစ်ကွပ်ကဲအခြေစိုက် (စကခ)[46] အမှတ် (၂၀) လက်အောက်ရှိ SAC တပ်သားများသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကျောက်တိုင်ကျေးရွာအုပ်စုမှ တောင်ငူ (တောအူး) မြို့သို့ သွားသည့် လမ်းခရီးတစ်လျှောက်တွင် သေနတ်ဖြင့်ရမ်းသမ်းပစ်ခတ်မှုများပြုလုပ်ခဲ့သည်။[47] ထိုရမ်းသမ်းပစ်ခတ်မှုတွင် အသက် ၄၀ အရွယ် ဆိုင်ပိုင်ရှင် ဦးအဖ---သည် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် အနီးအနားအိမ်များ၊ ဆေးခန်းများ၊ ဈေးဆိုင်များနှင့် တဲအိမ်များလည်းပျက်စီးခဲ့ရသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဘ--- က ဤသို့ရှင်းပြခဲ့သည်။ *“တစ်ခါတစ်လေ သူတို့ရဲ့ [SAC] စစ်သားတွေက ဒဏ်ရာရပြီး လက်နက်ကိုင်တပ်ဖွဲ့ [၎င်းတို့အား တိုက်ခိုက်သည့် KNLA] ကို ပြန်မတိုက်နိုင်ဘူးဆိုရင် သူတို့ကလက်တုံ့ပြန်တဲ့အနေနဲ့ ရွာသားတွေကိုရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ကြတယ်။”*

---

[44] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် “Doo Tha Htoo District Short Update: Forced labour, looting and skirmishes between the SAC and the KNLA, August 2021”, KHRG ၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထုတ် “Dooplaya District Short Update: Skirmishes between armed groups and indiscriminate shelling result in displacement, casualties and destruction of villagers’ property (October 2021)”။

[45] စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (MOC) အား ထိုးစစ်ဆင်မှုများပြုလုပ်ရန် တပ်ရင်း (၁၀) ရင်းနှင့် ဖွဲ့စည်းထားသည်။ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အများစုတွင် တပ်ရင်းသုံးဖွဲ့နှင့် ဖွဲ့စည်းထားသည့် နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့သုံးဖွဲ့ပါဝင်သည်။

[46] KHRG ၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် “Mu Traw District Short Update: Air strikes and displacement, shelling, food shortages and health care, April to May 2022”။

[47] KHRG ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင်လက်ခံရရှိပြီး မထုတ်ဝေရသေးသောအစီရင်ခံစာ။

ရွာသားများက ဤသို့မတရားမှု၊ ဥပဒေမဲ့လုပ်ရပ်များနှင့်ပတ်သက်၍မကျေနပ်ကြောင်း တင်ပြကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောအဘ--- က ဤသို့ရှင်းပြခဲ့သည်။ *“သူတို့က သူတို့ရန်သူကိုပဲတိုက်သင့်တယ်။ ဒါပေမယ့် သူတို့ရဲ့ရန်သူကိုမတိုက်ပဲရွာသားတွေကိုလာပစ်ကြတယ်။ ဒါကြောင့် သူတို့ရဲ့တုံ့ပြန်တိုက်ခိုက်ပုံက မမှန်ဘူး။ တကယ်လို့ သူတို့ကိုပစ်တဲ့ရန်သူကိုပစ်မယ်ဆိုရင် ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီး ဘာမှပြောမှာမဟုတ်ဘူး။ ဒါပေမယ့် သူတို့ရန်သူ[KNLA] က သူတို့ကိုပစ်ခတ်တိုက်ခိုက်တိုင်း သူတို့က ကျွန်တော်တို့ရွာတွေထဲကိုပဲ လက်နက်ကြီးပြန်ပစ်ချတယ်။”*

ဤဖြစ်ရပ်များအားလုံးတွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပြီးနောက်တွင်သာ SAC တပ်သားများက တိုက်ပွဲတွင်ပါဝင်သည့် တော်လှန်ရေးတပ်ဖွဲ့များအစား အရပ်သားများအပေါ်တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြလျက်ရှိသည်။ အရပ်သားများအပေါ် SAC မှ ကျူးလွန်သည့် မတူညီသောချိုးဖောက်မှုများတွင် နိုင်ငံတကာဥပဒေများအားချိုးဖောက်မှုများ ပါဝင်လျက်ရှိသည်။ ဥပမာအားဖြင့် ရွာသားများအား သတ်ဖြတ်ခြင်းသည် လူ့အခွင့်အရေးဥပဒေအရ အသက်ရှင်သန်ခွင့်ကိုချိုးဖောက်ခြင်းဖြစ်သည်။[48] နိုင်ငံတကာဥပဒေများအရ အရပ်သားများအားသတ်ဖြတ်ခြင်းကို တားမြစ်ထားသည်။[49] ဤလုပ်ရပ်သည် နိုင်ငံတကာစစ်ရာဇဝတ်မှုဥပဒေအရ စစ်ရာဇဝတ်မှုမြောက်သည့်အပြင် လူသားမျိုးနွယ်စုအပေါ်ဆန့်ကျင်သည့်ရာဇဝတ်မှုကိုလည်း ကျူးလွန်နေခြင်းဖြစ်သည်။[50] နိုင်ငံတကာရာဇဝတ်မှုဥပဒေတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သည့် လူမဆန်သော သို့မဟုတ် ယုတ်ညံ့သောဆက်ဆံမှုများသည် မည်သည့်သောအခြေအနေမျိုးမဆို အခိုင်အမာတားမြစ်ထားလျက်ရှိသည်။[51] ညှဉ်းပမ်းနှိပ်စက်မှုသည် လူသားမျိုးနွယ်စုအပေါ်ဆန့်ကျင်သည့်ရာဇဝတ်မှုတွင်ပါဝင်ပြီး နိုင်ငံတကာရာဇဝတ်မှုဥပဒေအရ စစ်ရာဇဝတ်မှုမြောက်သည်။[52]

[48] UDHR ပုဒ်မ (၃)။

[49] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေနှင့် ICRC စည်းမျဉ်း ၈၇ နှင့် ၈၉။

[50] ရောမဥပဒေ ပုဒ်မ ၈(၂)(က) နှင့် ၈(၂)(က)နှင့် (ခ) အရ စစ်ရာဇဝ်မှု၊ ရောမ ဥပဒေ ပုဒ်မ ၇(၁)(က) အရ လူအမြောက်အမြားအပေါ်ကျူးလွန်သည့်ရာဇဝတ်မှု။

[51] UDHR အပိုဒ် (၅)နှင့် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၈၇၊ ၉၀ နှင့် ၉၁ များအားချိုးဖောက်ခြင်းဖြစ်သည်။ နှိပ်စက်ညှဉ်းပမ်းခြင်းသည် နိုင်ငံတိုင်းပြုလုပ်ခွင့်မရှိသော ခြွင်းချက်မရှိလိုက်နာရမည့် စည်းမျဉ်းဖြစ်သည့်အတွက် သဘောတူစာချုပ်နှင့် ဓလေ့ထုံးတမ်းဥပဒေအားလုံးကိုချိုးဖောက်ခြင်းဖြစ်သည်။

[52] ရောမဥပဒေ ပုဒ်မ ၇(၁)(စ)နှင့် ရောမဥပဒေ ပုဒ်မ ၈(၂)(က)(၂)နှင့် ၈(၂)(ဂ)(၁)နှင့်(၂)။

## (ဃ) အရပ်သားများအား အကြမ်းဖက်သည့်နည်းလမ်းဖြင့် လက်တုံ့ပြန်ခြင်း

SAC တပ်သားများသည် အနီးအနားရှိကျေးရွာများအတွင်း လက်နက်ကြီးပစ်ခတ်ခြင်း သို့မဟုတ် သေနတ်များ မိုးပေါ်ထောင်ပစ်ခြင်းဖြင့် ဒေသခံပြည်သူများအားခြောက်လှန့်ကြောင်း ရွာသားအများစုက တင်ပြကြသည်။[53] ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဘ--- က ဤသို့ရှင်းပြခဲ့သည်။ "သူတို့က *[SAC တပ်သားများ]* ရွာသားတွေကို တော့ပစ်မှတ်ထားလိမ့်မယ်။ ဒါပေမယ့် ဒါတွေက *[ကျည်ဆံတွေက]* ရွာသားတွေဆီမရောက်ဘူး။ သူတို့က ဒါကို ရွာသားတွေကို ခြောက်လှန့်ဖို့လောက်ပဲလုပ်တာဖြစ်တယ်။ သူတို့အနေနဲ့ ရွာသားတွေရဲ့ လယ်ခင်းတွေပေါ်ကိုပစ်ချင်တယ်ဆိုရင် ဒီလက်နက်ကျည်ဆံကလယ်ထဲကိုကျလိမ့်မယ်။ *[လယ်ဘေးကို မကျဘူး။]*" ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ထီးဖိုးနဲကျေးရွာအုပ်စု၊ ဘဂ--- ကျေးရွာမှ ကျေးရွာခေါင်းဆောင်တစ်ဦးဖြစ်သော စောအဂ--- က ထပ်လောင်းဖော်ပြခဲ့သည်။ "ကျွန်တော်ထင်တယ် သူတို့တွေ ဒါတွေကို *[လူ့အခွင့်အရေးချိုးဖောက်မှု]*လုပ်တာက ရွာသားတွေအပေါ်ထိန်းချုပ်ပြီး အစိုးရလုပ်ချင်လို့ပဲ။ ဒါကြောင့် သူတို့ကိုယ်ကိုအစိုးရတစ်ရပ်အနေနဲ့ တရားဝင်သတ်မှတ်နိုင်အောင် ရွာသားတွေကိုခြိမ်းခြောက်တာ။ အရပ်သားတွေကသူတို့ကို *[အစိုးရအနေနဲ့]* လက်မခံဘူး။ ဒါပေမယ့် သူတို့ *[SAC]* မှာက သေနတ်တွေရှိတော့ ဆန့်ကျင်ပြောဖို့အတွက်လုံခြုံတယ်လို့မခံစားရဘူး။"







အထက်ပါပုံများတွင် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလယ်ဒေသ၊ ဘလ---ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ ဦးလ---၏ရုပ်အလောင်းကိုဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် SAC စစ်သားများသည် ကွင်းလေးကျေးရွာသို့ဝင်ရောက်လာပြီးနောက် ဦးလ---ကိုဖမ်းဆီး၍သတ်ဖြတ်ခဲ့သည်။ SAC စစ်သားများသည် ဘလ---ကျေးရွာသို့ မည်သည့်ရည်ရွယ်ချက်ဖြင့်ဝင်ရောက်လာသည်ကို မသိရပါ။ *(ဓာတ်ပုံ - KHRG)*

ဤဖြစ်ရပ်များတွင် SAC တပ်သားများသည် တော်လှန်ပုန်ကန်နိုင်သည့်ရွာသားများအား ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိစေရန်နှင့် ၎င်းတို့သတ်မှတ်ထားသည့်နေရာဒေသများအတွင်း အုပ်ချုပ်မှုပိုမိုအားကောင်းလာစေရန်အတွက် ရည်ရွယ်ထားသည်။ ခလယ်လွိထူခရိုင်၊ မူး (မုန်း) မြို့နယ်၊ ဘဟ--- ကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာမှ ရွာလူကြီးတစ်ဦးဖြစ်သည့် စောအဟ--- က ဤသို့ ပြောခဲ့သည်။ "ကျွန်တော်ထင်တယ် သူတို့ ဒါကိုရည်ရွယ်ချက်ရှိရှိ အစီအစဉ်ချပြီးလုပ်တာဖြစ်မယ်။ ဒီတိုင်းလျှောက်လုပ်တယ်လို့တော့မထင်ဘူး။ သူတို့က စစ်အုပ်ချုပ်ရေးရေရှည်တည်တံ့ဖို့အတွက် အာဏာကိုထိန်းသိမ်းထားနိုင်ဖို့

[53] KHRG ၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလထုတ် "Mergui-Tavoy District Situation Update: Military activity, shelling and displacement, May to June 2022"။

အာဏာကိုရယူချုပ်ကိုင်ချင်လို့ ဒီလို [လူ့အခွင့်အရေးချိုးဖောက်မှုတွေ] လုပ်တာ။ လူတွေကို ဒီလိုသတ်ဖြတ်ခြိမ်းခြောက်တာတွေမလုပ်သင့်ဘူး။ ဒါပေမယ့် သူတို့ကရွာသားတွေကို ဘယ်လိုပဲဖြစ်ဖြစ် သတ်ဖြတ်ခြိမ်းခြောက်ခဲ့တယ်။ ဒါက သူတို့အာဏာသိမ်းပြီးနောက်ပိုင်း လုပ်တဲ့အရာပဲ။ သူတို့က ရွာသားတွေကို ခြိမ်းခြောက်ပြီးကြောက်စိတ်ဝင်အောင်လုပ်တယ်။”







အထက်ပါပုံများကို ၂၀၂၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့တွင်ရိုက်ယူခဲ့သည်။ ပုံတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဘက---ကျေးရွာအတွင်း SAC မှလက်နက်ကြီးပစ်ခတ်ခဲ့သောကြောင့် ထိခိုက်သေဆုံးပြီး ဒဏ်ရာရရှိခဲ့သော ရွာသားများ၏အခြေအနေကိုဖော်ပြထားသည်။ ကလေးသုံးဦးနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအပါအဝင် ရွာသူ၊ ရွာသား ၇ ဦး သေဆုံးနေသောပုံ (လက်ဝဲပုံ) နှင့် ရွာသားလေးဦး ထိခိုက်ဒဏ်ရာရရှိနေသောပုံဖြစ်သည်။ *(ဓာတ်ပုံ - KHRG)*

SAC ၏စစ်ဆင်ရေးပုံစံများကြောင့် ခြိမ်းခြောက်မှုများကို ရွာသူကြီးများ ကြိမ်ဖန်များစွာခံစားရလျက်ရှိသည်။[54] တောအူးခရိုင်၊ ထောတထူမြို့နယ်၊ အ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် စောဂ--- က ရွာသူကြီးများကြုံတွေ့ရသည့် စိန်ခေါ်မှုပုံစံများကို ရှင်းပြခဲ့သည်။ “သူတို့က [SAC] ရွာသားတွေကို ကိစ္စတော်တော်များများမှာ ခြိမ်းခြောက်တာတွေလုပ်ခဲ့တယ်။ အထူးသဖြင့် ကျေးရွာအာဏာပိုင် [ရွာသူကြီး] တွေကိုခြိမ်းခြောက်ကြတယ်။ သူတို့က ကျေးရွာအာဏာပိုင်တွေသူတို့ပြောသလိုမလုပ်ရင် [လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်] အပြစ်ပေးလိမ့်မယ်။ သူတို့က ရွာသူကြီးတွေသူတို့စကားနားမထောင်ရင် [SAC၏တောင်းဆိုမှုများအားမလိုက်လျောလျှင်] သေနတ်နဲ့ပစ်မယ်။ ဒါကြောင့်အာဏာသိမ်းပြီးက တည်းက ဘယ်သူမှရွာလူကြီးမလုပ်ချင်ဘူး။ တစ်ချို့ရွာသူကြီးတွေက ရွာအခြေအနေကိုနားလည်တယ်။ တချို့ရွာသူကြီးတွေကတော့ ရွေးချယ်စရာမရှိလို့ တပ်မတော်ကလုပ်ခိုင်းတာကိုပဲ လိုက်လုပ်ရတယ်။”

အလားတူပင် အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြသည့်အရပ်သားများသည်လည်း အခက်အခဲများရင်ဆိုင်ကြရသည်။[55] ခလယ်လွီထူခရိုင်၊ ဆောထီမြို့နယ်တွင်နေထိုင်သော ကိုအည---က ၎င်းအနေဖြင့်

[54] KHRG ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလထုတ် “Mu Traw District Situation Update: Landmine contamination, indiscriminate shelling, arbitrary taxation, movement of troops, and livelihood, education and healthcare situation, May to June 2021”။

[55] KHRG ၏ ၂၀၂၁ ခုနှစ်၊ မတ်လထုတ် “Mergui-Tavoy District Interview: Security forces intimidate anti-coup activists in T’Naw Th’Ree Township, February 2021”, KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် “Mergui-Tavoy District Situation Update: SAC militia shoots teenage villager, CDM and protester protection, SAC troop movement, arbitrary taxation and livelihood, healthcare and education challenges, March 2021”။

ဆန္ဒပြမှုများကိုဦးဆောင်ခဲ့သည့်အတွက် ဖမ်းဆီးခံရခြင်းမှလွတ်မြောက်ရန် မည်သို့ကြိုးပမ်းခဲ့ပုံကိုရှင်းပြခဲ့သည်။ *"သူတို့ [SAC] ရဲ့ ရည်ရွယ်ချက်က ကျွန်တော့်လို ဆန္ဒပြပွဲဦးဆောင်တဲ့ လူတွေကိုဖမ်းဆီးဖို့ပဲ။ သူတို့အနေနဲ့ လူတွေ [ရွာသားများ] ကို ဖမ်းချင်တယ်ဆိုတာက ပြည်သူတွေအနေနဲ့ PDF အဖွဲ့ဝင်တွေ၊ NUG အဖွဲ့ဝင်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို မထောက်ပံ့နိုင်အောင်လို့ဖြစ်တယ်။ သူတို့က PDF၊ NUG နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို မထောက်ပံ့ရဲအောင် လုပ်ချင်တာ။ ဒါကြောင့် သူတို့ကလူတွေကိုကြောက်လန့်အောင် ဥပမာအနေနဲ့ဖမ်းပြတယ်။"*

ဤပုံစံက SAC အနေဖြင့် အရပ်သားများအားပစ်မှတ်ထားခြင်းသည် အရပ်သားများအား ရန်သူအဖြစ် ခေါ်စားခံပြုလုပ်ခြင်းနှင့် မြေစာပင်အဖြစ်သို့ မည်ကဲ့သို့ချိတ်ဆက်မှုရှိနေသည်ကို ရှင်းပြထားသည်။ ရွာသားများကို ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိနေစေရန်အတွက် ကြောက်ရွံ့မှုကိုဖြစ်ပေါ်စေသည့် နည်းစနစ်အား အသုံးပြုကြသည်။ ပြည်သူများအကြား ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုအသုံးပြုခြင်းကို စစ်မက်ဥပဒေအရတားမြစ်ထားသည်။[56] ထို့အပြင် လက်နက်ကိုင်ပဋိပက္ခတွင် အမှန်တကယ်ပါဝင်ပတ်သက်မှုရှိ၊ မရှိကိုမခွဲခြားဘဲ လူအများကိုပစ်မှတ်ထားပြီး လုပ်ဆောင်သော SAC ၏တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုမြောက်ပါသည်။[57] နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေတွင် "စုပေါင်းပြစ်ဒဏ်ပေးခြင်းအားတားမြစ်သည်" ဟုဖော်ပြထားသည်။ ဤတားမြစ်ချက်သည် တစ်ဦးချင်းရာဇဝတ်မှုဆိုင်ရာတာဝန်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ ပြစ်မှုကျူးလွန်ခြင်းမပြုရဟူသောနိယာမမှ အရင်းခံပါသည်။ [58]

## (c) ပုဂ္ဂိုလ်ရေးအမြတ်ထုတ်မှုအတွက် SAC တပ်သားများမှ အရပ်သားများအား တုံ့ပြန်တိုက်ခိုက်ခြင်း

SAC စစ်သားများက ခိုးယူလုယက်ခြင်းများကိုကျူးလွန်ရန်အတွက် ရွာသားများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသည့်ကိစ္စများအဖြစ် ရွာသားများက မကြာခဏဆိုသလို ကျယ်ပြန့်စွာဖော်ပြလေ့ရှိသည်။ တခါတရံ ဤဖြစ်ရပ်များသည် ရွာသားများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ထောက်ပံ့ပေးနေသည်ဟူသော ယုံကြည်ချက်ဖြင့် ကျူးလွန်ခြင်းဖြစ်ပြီး ဒေသအတွင်းရှိတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တိုက်ခိုက်မှုများအား တိုက်ရိုက်တုံ့ပြန်မှုများနှင့်လည်း ဆက်စပ်လျက်ရှိနေပါ သည်။ စစ်သားတစ်ဦးအတွက် စစ်ဘက်ဆိုင်ရာလိုအပ်ချက်များမပြည့်စုံသည့် SAC စစ်သားများသည် ၎င်းတို့၏ပုဂ္ဂိုလ်ရေးအမြတ်ထုတ်မှုအတွက် ခိုးယူလုယူခြင်းများကိုကျူးလွန်လျက်ရှိသည်။

SAC ၏ ခိုးယူလုယက်ခြင်းလုပ်ရပ်များသည် ရွာသားများအပေါ်သာမက ရွာသားများ၏အိမ်များတွင်ပါ လုပ်ဆောင်လေ့ရှိသည်။ ၎င်းတို့သည် လမ်းပေါ်တွင်ခရီးသွားလာကြသည့်ရွာသားများထံမှလည်း ပါလာသော ပိုင်ဆိုင်မှုများကိုအဓမ္မသိမ်းယူလေ့ရှိသည်။ ဥပမာအားဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် SAC တပ်သားများသည် တောအူးခရိုင်၊ ထောတထူမြို့နယ် လမ်းမပေါ်တွင် ခရီးသွားလာကြသည့် ရွာသားနှစ်ဦးအား စစ်ဆေးရန်ဖမ်းဆီးခဲ့ကြသည်။ ထိုဖမ်းဆီးခဲ့သည့် ရွာသားများထံမှ ဆိုင်ကယ်နှစ်စီးအားသိမ်းယူခဲ့သည်။ ဆိုင်ကယ်နှစ်စီးအားသိမ်းယူပြီးနောက် ထိုနေ့တွင် ခရီးသွားလာကြသည့် အခြားသူများအားဖမ်းဆီးခြင်း မပြုလုပ်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် တစ်ရက်လျှင်

[56] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၂။
[57] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၁၀၃။
[58] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၁၀၂။

ဆိုင်ကယ်နှစ်စီးသာဖမ်းဆီးရန် လိုအပ်သည်။[59] ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဘဟ--- ကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာမှ ရွာလူကြီးတစ်ဦးဖြစ်သော စောအဟ--- က ဤသို့တင်ပြခဲ့သည်။ "လက်ရှိမှာ သူတို့က ရွာသားတွေစီးတဲ့ ဆိုင်ကယ်တွေကိုသိမ်းယူတယ်။ သူတို့က ခင်ဗျားရဲ့ဆိုင်ကယ်ကိုယူသွားပြီဆိုရင် သူတို့နဲ့ ညှိနှိုင်းလို့မရတော့ဘူး။"




ဤပုံကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ဘိတ်-ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ မယ်ကဲကျေးရွာအုပ်စု၊ ကျောက်အိုင်ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် SAC မှ ရွာသားများအိမ်နှင့် ပစ္စည်းဥစ္စာများကိုမီးရှို့ဖျက်ဆီးထားသောအခြေအနေကို ဖော်ပြထားသည်။ (ဓာတ်ပုံ - KHRG)




ဤပုံကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ဘိတ်-ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ မယ်ကဲကျေးရွာအုပ်စု၊ မယ်ကဲကျေးရွာတွင်ရိုက်ယူခဲ့သည်။ ပုံတွင် SAC မှ ရွာသားများအိမ်၊ ကားနှင့်ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးထားသောအခြေအနေကို ဖော်ပြထားသည်။ (ဓာတ်ပုံ - KHRG)

စစ်ဘက်ဆိုင်ရာလိုအပ်ချက်များမပြည့်စုံသည့် SAC စစ်သားများသည် ၎င်းတို့၏လိုအပ်ချက်များအတွက် လုံလောက်သောအထောက်အပံ့များမရှိပါက ရွာသားများ၏ပိုင်ဆိုင်မှုများကို သိမ်းယူကြသည်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် SAC ၏ ခြေလျင်တပ်ရင်း အမှတ် ၄၀၇ မှ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ အ--- ကျေးရွာမှ ဆန်၊ ငွေကြေး၊ ဖုန်းတစ်လုံးနှင့် အခြားပစ္စည်းများခိုးယူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် KNLA ၏ လမ်းပိတ်ဆို့ထားမှုကြောင့် ၎င်းတို့အနေဖြင့် ရိက္ခာမရရှိသောကြောင့်ဖြစ်သည်။[60] အလားတူ ဖြစ်ရပ်တစ်ခုမှာ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ပယ်ထီးဒေသ၊ ဘဇ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဇ--- က ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆယ်ကျော်သက်လူငယ်တစ်ဦးသည် အဓမ္မဖမ်းဆီးခံရပြီး ၎င်း၏မိဘများက ၎င်းအားထောင်ဝင်စာသွားတွေ့သည့်အချိန်တွင် "[SAC မှ ၎င်းတို့အားပြောခဲ့သည်မှာ] ခင်များတို့တွေ ခင်ဗျားတို့သားကို ပြန်လွှတ်စေချင်ရင် ငွေကျပ် ၈၀၀၀၀၀ ယူလာရမယ်။ ဒါဆို ကျွန်တော်တို့ ခင်ဗျားသားကို လွှတ်ပေးမယ်လို့ပြောတယ်။ ကျွန်တော် ထင်တာကတော့ SAC အနေနဲ့ [ဝင်ငွေရရှိဖို့] တခြားနည်းလမ်းမရှိတော့ဘူး။ ဒါကြောင့် သူတို့က အစားအသောက်ဝယ်ယူနိုင်ဖို့အတွက် ဒီလိုပဲ [ငွေရရှိဖို့ အကုန်လုပ်ကြတယ်] ငွေရှာရတယ်။ သူတို့က လူငယ်တွေကိုပဲဖမ်းတယ်။" ဟု KHRG သို့ တင်ပြခဲ့သည်။ ဤသို့သောချိုးဖောက်မှု

[59] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဧပြီလထုတ် "Taw Oo District Situation Update: SAC military activities, SAC attacks on CDM participants, travel restrictions, and livelihood, healthcare and education challenges, December 2021 to February 2022"။

[60] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် "Mu Traw District Situation Update: Human rights violations including looting, killing, arbitrary arrest and torture, and the burning of houses and villages, April to July 2021"။

များသည် မြန်မာစစ်တပ်၏ သမိုင်းကြောင်းအရ ၁၉၉၀ ခုနှစ် အစောပိုင်းကာလများတွင် စတင်ခဲ့သော "ကိုယ်ပိုင်ဖူလုံရေးမူဝါဒ" အရ ဒေသတွင်းတပ်ရင်းမှူးများအား ၎င်းတို့၏ လိုအပ်ချက်များကို ဗဟို ထောက်ပံ့မှုအပေါ်မှီခိုမည့်အစား မိမိဖူလုံရေးအတွက် ၎င်းတို့ကိုယ်တိုင် ရှာဖွေပံ့ပိုးရန် အမိန့်ထုတ်ပြန် ထားသည်။[61] ဤအချက်အရ SAC ၏ တပ်ခေါင်းဆောင်များသည် ၎င်းတို့၏ကိုယ်ပိုင်ဆက်လက်ရပ် တည်နိုင်ရေးအတွက် ခိုးယူလုယက်စေခြင်းဖြင့် စစ်သားများအားကျေး လက်ဒေသရှိပြည်သူများအပေါ် အခွင့်အရေးချိုးဖောက်ရန်အားပေးနေသည်ကိုတွေ့နိုင်သည်။

KHRG ၏သတင်းအချက်အလက်များအရ SAC မှ ငွေကြေး၊ စားသောက်ကုန်၊ အိမ်မွေးတိရိစ္ဆာန်များ၊ လက်ဝတ်ရတနာများ၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ အိမ်သုံးပစ္စည်းများနှင့် အခြားအဖိုးတန် ပစ္စည်းများအား ဒေသခံရွာသားများထံမှ လုယူခြင်းသည် ရွာသားများ၏အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးကိုဆိုးရွားစွာထိခိုက်စေသည်။ လုယူခြင်းနှင့် ပိုင်ဆိုင်မှုများအားဖျက်စီးခြင်းကို နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေအပါအဝင် နိုင်ငံတကာဥပဒေ၏အမျိုးမျိုးသော အစိတ်အပိုင်းများအရ[62] တားမြစ်ထားသည်။ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေတွင် အရပ်သားများ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သောအစားအသောက်များ၊ သီးနှံများနှင့် မွေးမြူရေးတိရိစ္ဆာန်များကဲ့သို့သော အရာများအားအကာအကွယ်ပေးရန် တာဝန်ဝတ္တရား တစ်ရပ်ပါဝင်သည်။[63] နိုင်ငံတကာရာဇဝတ်မှုဥပဒေအရ လုယက်ဖျက်ဆီးမှုကို စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။[64] SAC သည် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကိုလေးစားလိုက်နာရန် တာဝန်ဝတ္တရားအား ချိုးဖောက်လျက်ရှိသည်။ [65]

## (စ) ကြိုတင်သတိပေးခြင်းဖြင့် တုံ့ပြန်တိုက်ခိုက်ခြင်း – လက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်လိုစိတ်ကိုဖျက်ဆီးခြင်း

ကိစ္စရပ်အများစုတွင် SAC သည် ရွာသားများအား ပစ်မှတ်ထားရခြင်းမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုမှကာကွယ်ရန်ဖြစ်သည်။ *"သူတို့က အရပ်သားတွေကို ဘာကြောင့် ပစ်မှတ်ထားတာလဲဆိုရင် သူတို့ကရွာသားတွေကိုထိခိုက်နာကျင်စေရင် KNLA က သူတို့ရဲ့တပ်တွေကို ရုတ်သိမ်းသွားမယ်လို့ထင်နေတယ်။ သူတို့ကရွာသားတွေကို ထိခိုက်နာကျင်စေရင် KNLA က သူတို့ကို မတိုက်တော့ဘူးလို့ထင်ကြတယ်။ ဒါကြောင့်သူတို့က ရွာသားတွေကိုပစ်မှတ်ထားတာဖြစ်တယ်။"* ဟု ခလယ်လွီထူခရိုင်၊ ဆောထီးမြို့နယ်တွင် နေထိုင်သော ရွာသားတစ်ဦးဖြစ်သည့် စောအည--- က တင်ပြခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဘ---- က ဤသို့ ရှင်းပြခဲ့သည်။ *"သူတို့ [SAC]က ရွာသားတွေအပေါ် အခွင့်အရေးချိုးဖောက်ခြင်းရဲ့အဓိကရည်ရွယ်ချက်က KNLA စစ်သားတွေ ရွာသားတွေကို သနားပြီးတော့ သူတို့ [SAC] ကို အရှုံးပေးဖို့ဖြစ်တယ်။"*

---

[61] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် "ငြင်းဆိုရှုမရနိုင်တော့သော - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်း ဒေသခံပြည်သူတို့၏သက်သေခံချက်များ" စာမျက်နှာ ၅၂။

[62] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၇ နှင့် ၅၂၊ UDHR အပိုဒ် ၁၇။

[63] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၅၄။

[64] ရောမဥပဒေ ပုဒ်မ ၈(၂)(က)(၄)။

[65] UDHR အပိုဒ် ၁၇။

SAC နှင့်၎င်းတို့၏ပူးပေါင်းတပ်ဖွဲ့များမှ ရွာသားများအားဖမ်းဆီးခြင်းနှင့် စစ်ရေးအတွက်သွားလာသည့်အခါတွင် ရွာသားများအား လူသားဒိုင်းနှင့်လမ်းပြများအဖြစ်အသုံးပြုခြင်းကလည်း ဤဖြစ်ပွားမှုပုံစံအားပုံဖော်နေခြင်းဖြစ်သည်။[66] ဒူးပလာယာခရိုင်၊ ဝေါ်ရေဉ်မြို့နယ်၊ ထီဖာထောကျေးရွာအုပ်စု၊ စျ--- ကျေးရွာမှ နော်န--- ၏ ဖော်ပြချက်အရ အမျိုးသမီးများနှင့်ကလေးသူငယ်များအပါအဝင် ရွာသားများအားလူသားဒိုင်းအဖြစ်အသုံးပြုခြင်းသည် KNU ထိန်းချုပ်နယ်မြေတွင်လှုပ်ရှားနိုင်ရန်အတွက် SAC ၏နည်းဗျူဟာများထဲမှတစ်ခုဖြစ်သည်။ "*သူတို့ [SAC]က တိုင်းရင်းသားလက်နက်ကိုင်တွေ သူတို့ကိုတိုက်ခိုက်မှာစိုးရိမ်တယ်။ ဒါကြောင့် ရွာသားတွေကိုလူသားဒိုင်းအဖြစ် အသုံးပြုကြတယ်။*" ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အလားတူ ကိစ္စရပ်တစ်ခုတွင် SAC နှင့် နယ်ခြားစောင့်တပ် (BGF) စစ်သားများမှ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တ--- ကျေးရွာသို့ ခရီးထွက်သည့်အချိန်တွင် KNLA စစ်သားများ၏တိုက်ခိုက်မှုခံခဲ့ရသည်။ ထိုတိုက်ခိုက်မှုပြီးနောက်တွင် SAC နှင့် BGF တပ်သားများသည် KNLA ၏ ထပ်မံတိုက်ခိုက်မှုမှ ကာကွယ်နိုင်ရန်အတွက် အမျိုးသမီးနှင့် ကလေးများအပါအဝင် လမ်းတွင်တွေ့သည့်တ--- ကျေးရွာသားများအားဖမ်းဆီးကာ လူသားဒိုင်းအဖြစ်အသုံးပြုခဲ့ကြသည်။ တ--- ကျေးရွာသို့ဝင်သည်နှင့် ရွာသားများအား ၎င်းတို့၏သေနတ်များဖြင့်ချိန်ကာ ၎င်းတို့အနေဖြင့် KNLA ၏ တိုက်ခိုက်မှုကိုခံရပါက ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ချမည်ဟု ခြိမ်းခြောက်ခဲ့ကြသည်။[67] SAC တပ်သားများ၏လူသားဒိုင်းအဖြစ်အသုံးခံရန်အတွက် အမျိုးသားများနှင့်ယှဉ်လျှင် အထူးသဖြင့် အမျိုးသမီးရွာသူများအား ပိုမို၍ပစ်မှတ်ထားကြသည်။ ဤအချက်ကြောင့် တခါတရံတွင် KNLA အနေဖြင့် ၎င်းတို့အားတိုက်ခိုက်နိုင်ချေနည်းပါးနိုင်သည်ဟု SAC တပ်သားများက ယူဆကြသည်။[68]

KHRG သို့ မကြာခဏဆိုသလို တင်ပြချက်များအရ SAC တပ်သားများသည် အကယ်၍တိုက်ခိုက်ခြင်းခံရပါက ကျေးရွာများအားမီးရှို့ဖျက်ဆီးခြင်း သို့မဟုတ် လက်နက်ကြီးပစ်ခတ်ခြင်းများပြုလုပ်မည်ဟုခြိမ်းခြောက်ခဲ့ကြသည်။[69] ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဘဟ--- ကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာမှ ရွာလူကြီးတစ်ဦးဖြစ်သော စောအဟ--- က [၂၀၂၂ ခုနှစ် အတွင်း နေ့ရက်သေချာမသိရ] ၎င်း၏နယ်မြေတွင်ဒေသခံရွာသားများအား SAC မှ မည်သို့ခြိမ်းခြောက်ခဲ့ပုံကိုရှင်းပြခဲ့သည်။ "*သူတို့ [SAC] က [ဘဟ--- ကျေးရွာ၊ ဘဟ---ကျေးရွာအုပ်စု၊ မုန်းမြို့နယ်မှ] ရွာသားတွေကို ပြောတယ် 'တကယ်လို့သူတို့က ကျွန်တော်တို့ကိုတိုက်ရင် ဒီမှာရှိတဲ့ရွာတွေအားလုံးပြာကျသွားမယ်။' ကျွန်တော်တစ်ယောက်ထဲရဲ့အမြင်ကတော့ သူတို့ကအရပ်သားတွေကို ဒီလိုခြိမ်းခြောက်တယ်ဆိုတာ ပြည်သူတွေအနေနဲ့ KNU စစ်တပ် [KNLA] ကသူတို့ကိုမတိုက်အောင် တောင်းဆိုခိုင်းဖို့ပဲ။*" ဤခြိမ်းခြောက်မှုမဖြစ်ပွားမီ ဘဟ---ကျေးရွာတွင်ရှိသော SAC ၏တပ်စခန်းသည် KNLA စစ်သားများ၏တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ထိုနည်းတူစွာဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်မှ ရွာသားတစ်ဦးဖြစ်သော စောဂျ --- က အလားတူကိစ္စရပ်အားတင်ပြခဲ့သည်။ "*သူတို့ကို [SAC] မတိုက်ခိုက်ဖို့အတွက် တကယ်လို့ တိုက်ခိုက်ခံရရင် ကျေးရွာနဲ့ကျောင်းကိုမီးရှို့ပြီး ရွာထဲကိုလက်နက်ကြီးပစ်ချမယ်လို့ ရွာသားတွေကိုခြိမ်းခြောက်ခဲ့တယ်။*" SAC သည်စစ်ပွဲကာ

[66] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် "Dooplaya District Interview: Looting, fighting, forced labour and COVID-19 infections, September 2021"။

[67] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် "Doo Tha Htoo District Short Update: Forced labour, looting and skirmishes between the SAC and the KNLA, August 2021"။

[68] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် "Doo Tha Htoo District Short Update: Forced labour, looting and skirmishes between the SAC and the KNLA, August 2021"။

[69] ဥပမာအားဖြင့် KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် "Mu Traw District Short Update: Torture, fighting, indiscriminate shelling, and threats by SAC soldiers have resulted in fear and displacement of villagers in Dwe Lo Township, August 2021 ", တွင်ကြည့်ပါ။ KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် "Kler Lwee Htoo District Short Update: SAC troops fired mortars into a village, injuring three villagers, December 2021"။

လအတွင်း ၎င်းတို့အနေဖြင့်ရန်သူများ၏ တိုက်ခိုက်ခြင်းမှကာကွယ်ရန်အတွက် ခြိမ်းခြောက်မှုအား လက်နက်တစ်ခုသဖွယ် အသုံးပြုနေသည်မှာ ထင်ရှားသည်။

## (ဆ) လိုက်နာဆောင်ရွက်မှုမရှိသည့်အတွက် SAC မှ ရွာသားများအပေါ်တုံ့ပြန် တိုက်ခိုက်ခြင်း

SAC မှ အရပ်သားများအား တုံ့ပြန်တိုက်ခိုက်မှုပြုသည့် ထင်ရှားသောပုံစံတစ်မျိုးမှာ ရွာသားများသည် မြန်မာစစ်တပ်တပ်သားများအား ထိပ်တိုက်ရင်ဆိုင်ခြင်း သို့မဟုတ် ၎င်းတို့၏တောင်းဆိုမှုများအားလိုက်လျောရန် ငြင်းဆန်သည့်အခါတွင် ကျူးလွန်လေ့ရှိသည်။[70] ဤသို့သောကိစ္စရပ်များတွင် တုံ့ပြန်တိုက်ခိုက်ခြင်းမှာတရားမဝင်ပေ။ အကြောင်းမှာ စစ်ဥပဒေအရအရပ်သားများကို ကာကွယ်စောင့်ရှောက်ရမည်ဟု ဖော်ပြထားသည်။ KHRG မှ လေ့ကျင့်သင်ကြားပေးထားသည့် ဒေသတွင်းအဖွဲ့ဝင်တစ်ဦးက မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ရ--- ကျေးရွာအုပ်စု၊ င--- ကျေးရွာတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုကို ဖော်ပြခဲ့သည်။ *"အဖြစ်အပျက်က ကိုဝ---ရဲ့ကားကို BGF စစ်ဆေးရေးဂိတ်မှာ ရပ်ခိုင်းတဲ့အချိန်မှာ စဖြစ်တာ။ သူစစ်ဆေးရေးဂိတ်ကိုရောက်တော့ BGF စစ်သားက သူ့ကို ပုံမှန်အခွန်ထက် ပိုက်ဆံပိုပေးဖို့ တောင်းတယ်။ သူတို့နှစ်ယောက်ကြားမှာ ဒီအခွန်ပမာဏ ကိစ္စနဲ့ အငြင်းပွားကြတယ်။ အဲ့ဒီလို အငြင်းပွားနေတဲ့အချိန်မှာ BGF စစ်သားဖြစ်တဲ့ ကျော်ကျော်က ကိုဝ--- ရဲ့ မျက်နှာကို ထိုးလိုက်လို့ ဖူးယောင်လာတယ်။ ကိုဝ--- BGF စစ်သားထိုးတာကို ခံရတာကို ကြားတော့ သူ့အဖေ ဦးဃ--- နဲ့ သူ့ညီမ မယ--- တို့ ကသွားကူတယ်။ အဲ့ဒီ BGF စစ်သား ကျော်ကျော်က ဦးဃ--- နဲ့ မယ--- တို့ရဲ့မျက်နှာကိုထပ်ထိုးတာနဲ့ သူတို့မျက်နှာတွေလည်းဖူးယောင်လာတယ်။ ဒါနဲ့ ကိုဝ---လည်း အခွန်ပေးပြီးတော့ ကမမောင်းမြို့ကိုဆက်မောင်းလာခဲ့တယ်။"*[71]

SAC တပ်သားများသည် ၎င်းတို့၏ တောင်းဆိုမှုများအားလိုက်နာရန်ငြင်းဆန်သူများကို ရက်ရက်စက်စက် လက်တုံ့ပြန်ခဲ့ကြသည်။ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၄ရက်နေ့တွင် ဒူးသထူခရိုင်မှ လင်မယားနှစ်ဦးသည် ညမထွက်ရအမိန့်ရှိသော်လည်း ညအချိန်ငါးဖမ်းထွက်ခဲ့သည်။ ဤညမထွက်ရအမိန့်များသည် ရွာသားများအတွက် လုံလောက်သောအစားအသောက်ရရှိနိုင်ရန် အခက်အခဲဖြစ်စေသည်။ စောပ---နှင့် ကိုယ်ဝန်ငါးလလွယ်ထားသော သူ၏အမျိုးသမီးနှင့် လေးနှစ်အရွယ်သမီးငယ်တို့သည် ၎င်းတို့အိမ်နံဘေးရှိချောင်းမှ အိမ်သို့ပြန်လာချိန်တွင် ကင်းလှည့်နေသည့် SAC စစ်သားများနှင့် ပက်ပင်းတိုးခဲ့သည်။ ထိုရွာသားများသည် စစ်သားများ၏မေးမြန်းခြင်းကိုခံရပြီးနောက် အကြိမ်ပေါင်းများစွာ သေနတ်ဖြင့်ပစ်ခြင်းခံခဲ့ရသည်။ ဒူးသထူခရိုင်၊ ပေါင်မြို့နယ်၊ ဘ--- ကျေးရွာမှ ဒေသခံရွာသားတစ်ဦးကဤသို့ရှင်းပြခဲ့သည်။ "စစ်တပ်က ညမထွက်ရအမိန့်ကိုကြေညာတယ်။ ဒါပေမယ့် သူတို့က မိသားစုစားဖို့သောက်ဖို့အတွက်စားစရာလိုအပ်လို့ သူတို့အိမ်ဘေးနားမှာပဲ စားစရာထွက်ရှာတယ်။ နော်င---က ၁၂ ချက် အပစ်ခံရတယ်။ သူ့ဗိုက်မှာတစ်ချက်၊ ခေါင်းမှာနှစ်ချက်နဲ့ ပေါင်မှာရှစ်ချက်ကိုးချက်လောက်ရှိတယ်။ သေနတ်ကျည်ဆံတွေကြောင့် သူမရဲ့ပေါင်တွေပျက်စီးသွားတယ်။ စောပ--- ရဲ့ ခေါင်းကိုနှစ်ချက်ပစ်ခဲ့တယ်။ နှစ်ချက်လုံးက သူ့ရဲ့ညာဖက်နားရွက်ဘေးကနေ ခေါင်းမှာ ထုတ်ချင်းပေါက်သွားတယ်။ အနည်းဆုံး ကျည်ဆံတစ်တောင့်ကတော့ သူ့ခေါင်းထဲမှာကျန်နေတယ်။" အသက်ရှင်ကျန်ရစ်သည့် ၎င်းတို့၏ လေးနှစ်အ

[70] KHRG ၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလထုတ် "Kler Lwee Htoo District Situation Update: Arbitrary taxation, education, health care, SAC activity and indiscriminate shelling, March to June 2022"။

[71] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ထုတ် "Mu Traw District Incident Report: Three villagers in Dwe Lo Township were physically assaulted by a soldier from BGF Battalion 1013#, March 2021"။

ရွှယ်သမီးငယ်အား အဖွားဖြစ်သူမှ ခေါ်ယူစောင့်ရှောက်ထားပြီး စားဝတ်နေရေးအခက်အခဲ ရင်ဆိုင်ရလျက်ရှိသည်။[72]

ဤအဖြစ်အပျက်များတွင် ရွာသားများသည် SAC ၏ အမိန့်များအားမလိုက်နာခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် ပြစ်ဒဏ်ပေးခြင်းကို ရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့တုံ့ပြန်တိုက်ခိုက်မှုများ သည် တရားမျှတမှုမရှိသည့်အပြင် ကရင်ပြည်နယ်အတွင်းရှိပြည်သူများအတွက် အခြားသောအကြမ်း ဖက်မှုပုံစံကိုလည်းဖြစ်ပေါ်စေသည်။

ဤအခန်းတွင်တင်ပြခဲ့သောပုံစံ ၇ ခုမှာ စစ်အာဏာရှင်အသုံးပြုသော ခေးစာခံအဖြစ်အသုံးချမှုပုံစံများကို ရှင်းလင်းစွာဖော်ပြထားပြီး ၎င်းသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအစား အရပ်သားများအပေါ်တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်လျက်ရှိသည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ ဤလုပ်ဆောင်မှုများသည် နိုင်ငံတကာရာဇဝတ်မှုဥပဒေများ၏ အပိုဒ်ခွဲများဖြစ်သည့် စစ်ရာဇဝတ်မှုတွင်ဖော်ပြသည့် စုပေါင်းပြစ်ဒဏ်ပေးခြင်း၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုတွင်ဖော်ပြသည့် နှိပ်စက်ညှဉ်းပမ်းမှုများအား ချိုးဖောက်ခြင်းလုပ်ရပ်များသည် မြန်မာပြည်အရှေ့တောင်ပိုင်းမှ ခွဲခြားဆက်ဆံခံရသော၊ နိုင်ငံရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှုနှင့် အခြားအခမ့်ကျူးလွန်မှုများကို ခံစားကြရသည့်ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ရန် စစ်တပ်မှကျင့်သုံးသည့်နည်းလမ်းများဖြစ်ကြောင်း ဖော်ပြသင့်သည်။

[72] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် “Doo Tha Htoo District Incident Report: SAC shot on sight a pregnant woman and her husband in Paw Township, September 2021”။

# အခန်း (၃) ရွာသားများနှင့် ၎င်းတို့၏လုပ်ဆောင်ရည်အပေါ် SAC မှပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းကြောင့် ရရှိလာသောအကျိုးသက်ရောက်မှုများ

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ တိုက်ပွဲများ၊ လက်နက်ကြီးပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုများနှင့် SAC မှ ရွာသားများအပေါ် ကျူးလွန်သည့်အခြားချိုးဖောက်မှုများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားအများစုသည် ၎င်းတို့၏ကျေးရွာများမှ အဓမ္မရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ဤအစီရင်ခံစာအတွက်သုံးသပ်သော ယခင်ကထုတ်ဝေသည့် သတင်းအစီရင်ခံစာများ၏ သုံးပုံနှစ်ပုံနှင့်တွေ့ဆုံမေးမြန်းသူ ၂၃ ဦးမှ ၁၈ ဦးက နေရပ်ရွှေ့ပြောင်းနေထိုင်မှုအား SAC ၏ အရပ်သားများအပေါ်ပစ်မှတ်ထားခြင်းကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုအဖြစ် ဖော်ပြခဲ့ကြသည်။ နေရပ်ရွှေ့ပြောင်းနေချိန်ကာလတွင် အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် အခက်အခဲများနှင့်ပို၍ရင်ဆိုင်ခဲ့ရသည်။[73] ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယောကဒေါ ကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သည့် နော်အင--- က ထိုစိန်ခေါ်မှုများနှင့်ပတ်သက်၍ အခြေအနေကိုရှင်းပြခဲ့သည်မှာ “နေရပ်ရွှေ့ပြောင်းနေထိုင်ကြတဲ့ကလေး၊ မွေးကင်းစနဲ့မိခင် သို့မဟုတ် ကိုယ်ဝန်ဆောင်တွေဟာ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ အခက်အခဲတွေရင်ဆိုင်ကြုံတွေ့ကြရတယ်။ သူတို့တွေကို ဂရုမစိုက်ဘူးဆိုရင် သူတို့အတွက် ကြီးမားတဲ့အန္တရာယ်ရှိတယ်။” ဒူးပလာ ယာခရိုင်၊ နို့တကောမြို့နယ်၊ ယောကဒေါ ကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ကျေးရွာသူကြီးတစ်ဦးဖြစ်သည့် စောအလ---မှ ထပ်လောင်းပြောပြခဲ့ပါသည်။ “အထူးသဖြင့် ကျွန်တော်တို့က ကလေးတွေနဲ့မိခင်တွေအတွက်စိုးရိမ်ကြတယ်။ တကယ်လို့ တစ်စုံတစ်ခုဖြစ်ခဲ့မယ်ဆိုရင် သူတို့တွေအနေနဲ့ အချိန်မှီမပြေးနိုင်မှာကိုစိုးရိမ်တယ်။ လမ်းမလျှောက်နိုင်တဲ့ သက်ကြီးရွယ်အိုတွေအတွက် မိုးမချုပ်ခင်ပုန်းခိုတဲ့နေရာကိုခေါ်သွားရတယ်။” သဘောသဘာဝအရ တိုက်ပွဲများနှင့်တိုက်ခိုက်မှုများသည် အချိန်မရွေးဖြစ်ပွားနိုင်သည့်အတွက် နေရပ်ရွှေ့ပြောင်းရသည့် ရွာသားအများစုသည် အခြေခံအသုံးအဆောင်ပစ္စည်းများအား ၎င်းတို့နှင့်အတူ ယူဆောင်လာနိုင်ခြင်းမရှိသကဲ့သို့ အချိန်အတိုင်းအတာတစ်ခုအထိ ၎င်းတို့၏စားဝတ်နေရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် စားဝတ်နေရေးအတွက် စိန်ခေါ်မှုများကိုရင်ဆိုင်ကြုံတွေ့လာရသည်။[74]

နေရပ်ရွှေ့ပြောင်းရသူဖြစ်စေ၊ မရွှေ့ပြောင်းရသူဖြစ်စေ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပညာရေးဆိုင်ရာအခက်အခဲများကို တူညီစွာရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ စစ်ဆေးရေးဂိတ်များမှ SAC စစ်သားများသည် အရပ်သားများအား ဆေးဝါးပစ္စည်းများသယ်ယူခွင့်ကိုတားမြစ်ခြင်း သို့မဟုတ် ဆေးဝါးကုသမှုခံယူရန်လိုအပ်သော အရပ်သားများအား ၎င်းတို့၏စစ်ဆေးရေးဂိတ်များမှဖြတ်ကျော်ခွင့်မပေးခြင်းများကိုပြုလုပ်လျက်ရှိသည်။[75] သို့သော်လည်းအချို့သောအခြေအနေများတွင် နေရပ်ရွှေ့ပြောင်းနေ

[73] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် “Mu Traw District Situation Update: Airstrikes, fighting, indiscriminate shelling and landmine contamination resulted in the displacement of villagers, one injury and one death in Bu Tho Township, Mu Traw District, March to May 2021” KHRG ၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထုတ် “Mergui-Tavoy District Situation Update: Military activity, shelling and displacement, May to June 2022”။

[74] ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် “Dooplaya District Short Update: Skirmishes between armed groups and indiscriminate shelling result in displacement, casualties and destruction of villagers’ property (October 2021)”, တွင်ကြည့်ပါ။

[75] ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် “Mergui-Tavoy District Situation Update: SAC military activities and travel restrictions, livelihood challenges, education, an armed clash, displacement and indiscriminate shelling by the SAC, April to May 2022”။

ထိုင်သူရွာသားများသည် တောထဲတွင်ပုန်းခိုနေစဉ် ၎င်းတို့အစွမ်းရှိသလောက် တတ်နိုင်သမျှ ပညာရေးအားဆက်လက်သင်ယူကြသည်။[76] ရွာသားအများစုသည် SAC မှ ၎င်းတို့အပေါ် တိုက်ခိုက်နေမှုများကြောင့် အထူးသဖြင့်၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အလုပ်လုပ်ရာတွင် အခက်အခဲရှိကြောင်းကိုဖော်ပြခဲ့ကြသည်။



ဤပုံကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ပုံတွင် SAC နှင့် PDF ၊ KNDO ပူးပေါင်းတပ်ဖွဲ့များတို့အကြား တိုက်ပွဲများပိုမိုဖြစ်ပွားခြင်းနှင့် ဒေသအတွင်း SAC မှ လက်နက်ရမ်းသန်းပစ်ခတ် မှုများကြောင့် ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူလား (ပုလော) မြို့နယ်၊ ဘည---ကျေးရွာမှ ရွာသားများသည် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်နေရသောအခြေအနေကို ဖော်ပြထားသည်။ (ဓာတ်ပုံ - ဒေသခံရွာသား)

လက်နက်ကိုင်တိုက်ပွဲများကြောင့် နောက်ထပ်ဖြစ်ပေါ်လာသောအကျိုးဆက်တစ်ခုမှာ အကြောက်တရားဖြစ်ကြောင်း ရွာသားများမှဖော်ပြခဲ့သည်။ SAC မှ ကျူးလွန်သည့် အကြမ်းဖက်ချိုးဖောက်မှုများကြောင့် ရွာသားများအနေဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင် ပစ်မှတ်ထားခံရမည်ကို မသိနိုင်သည့်အတွက် အကြောက်တရားအောက်တွင် ဆက်တိုက်နေထိုင်နေရကြောင်းဖော်ပြခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးဖါဒိုထာကျေးရွာအုပ်စု၊ ဖ---ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သော နော်ခ---က ဤသို့ရှင်းပြခဲ့သည်။ *“အာဏာသိမ်းမှုကြောင့် ကျွန်မတို့အမြဲကြောက်နေရတယ်။ သူတို့တွေ ရွာကိုမီးရှို့မှာ ဒါမှမဟုတ် လူတွေကိုသတ်မှာကြောက်ကြတယ်။ တစ်စုံတစ်ယောက်က သူတို့ကိုပစ်လိုက်ရင်သူတို့တွေကကျွန်မတို့ကိုသတ်ပစ်လိမ့်မယ်။”*[77] အလားတူအခြေအနေနှင့်ပတ်သက်၍ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ကဆောပလိုကျေးရွာအုပ်စု၊ ဘပ--- ကျေးရွာတွင်နေထိုင်သောစောအက---က SAC မှ ရွာသားတစ်ဦးကိုပစ်သတ်ခဲ့ပြီးနောက် စိတ်ဒဏ်ရာရရှိသွားသည့် ထိုရွာသား၏ဇနီးအကြောင်းကို ဤ

[76] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လထုတ် “Kler Lwee Htoo District Situation Update: SAC air strikes, shelling and fighting, displacement, insecurity, and livelihood, education and healthcare challenges in Ler Doh Township, February to May 2022”။

[77] KHRG ၏ ၂၀၂၂ ခုနှစ်၊ မတ်လထုတ် “Doo Tha Htoo District Short Update: Forced portering and the use of civilians as human shields by the SAC and BGF in Bilin Township, September 2021”။

ကဲ့သို့ပြောပြခဲ့သည်။ “သူမက ရွာမှာပြန်လာမနေဘူး။ သူမပြန်လာရင် အဖမ်းခံရမှာကိုကြောက်နေတယ်။ သူမရဲ့အမျိုးသားအသတ်ခံရပြီးနောက်မှာ သူမရဲ့အိမ်မှာလုံးဝမနေရဲတော့ဘူး။ သူမရဲ့အမျိုးသားဆုံးပြီးကတည်းက စိတ်ဝေဒနာခံစားခဲ့ရတယ်။ *[သူမကိုသတ်ဖြတ်မှာကို]* သူမတချိန်လုံး စိုးရိမ်ကြောက်လန့်နေတယ်။”

ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် SAC ၏တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်တိုက်ပွဲများ၏ဒဏ်ကို ပို၍ခံစားကြရသည်။ သွားလာလှုပ်ရှားမှုများအား ကန့်သတ်ခြင်းနှင့် SAC မှ စစ်ဆေးရေးဂိတ်များတွင် ဆေးဝါးများသို့မဟုတ် အစားအသောက်များအား သိမ်းယူထားခြင်းများက ရွာသားများအတွက် အခက်အခဲများ ပိုမိုဖြစ်ပေါ်စေသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီးကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောအဘ--- က ရှင်းပြခဲ့သည်မှာ “ကိုယ်ဝန်ဆောင်အမျိုးသမီးတွေက *[လူ့အခွင့်အရေးချိုးဖောက်မှုတွေကို]* အထူးသဖြင့် ရင်ဆိုင်ကြုံတွေ့ရတယ်။ ဥပမာအားဖြင့် *[အာဏာသိမ်းမှု မတိုင်ခင်က]* အမျိုးသမီးတစ်ဦးက မီးဖွားဖို့ ဗိုက်နာလာပေမယ့် ကလေးမမွေးနိုင်လို့ ကျွန်တော်တို့က ဆေးရုံကို ညတွင်းချင်းပို့ချက်ချင်းလိုက်ရတယ်။ ဒါပေမယ့် အခုကြတော့ ကျွန်တော်တို့အနေနဲ့ ညဖက်တွေ ခရီးသွားဖို့ကို လုံခြုံတယ်လို့ မခံစားရဘူး *[အကြောင်းကတော့ SAC မှ ရွာသားတွေကို တွေ့လျှင်ပစ်သတ်ခြင်း သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များ၏လမ်းပေါ်တွင် မြှုပ်နှံထားသည့်မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ဖြစ်တယ်]*။ ဒါကြောင့် သူတို့အနေနဲ့ *[ကိုယ်ဝန်ဆောင်အမျိုးသမီးများ]* စိုးရိမ်ကြောက်ရွံ့မှုတွေ ပိုမိုကြုံတွေ့နေရတယ်။”



ဤပုံကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ ခလယ်လွိုထူ (ညောင်လေးပင်)ခရိုင်၊ မူး (မုန်း)မြို့နယ်၊ ရွှေကျင်အင်း ကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့သည်။ ပုံတွင် နော်သူးလေဖော၏ ရုပ်အလောင်းကိုဖော်ပြထားသည်။ နော်သူးလေဖောသည် စစ်ဘေးရှောင်ရွာသူတစ်ဦးဖြစ်ပြီး သူမ၏ရွာသို့ပြန်၍ဆန်ယူပြီးနောက်တွင် စစ်ဘေးရှောင်နေရာသို့ပြန်သွားရာတွင် SAC ခမရ (၃၅၁)မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် သူမအားထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ (ဓာတ်ပုံ – *KNU)*



တိုက်ပွဲဖြစ်ပွားပြီးနောက်တွင် ခလရ (၇၅) မှ SAC စစ်သားများသည် လက်နက်ကြီးတစ်လုံးပစ်ခတ်ခဲ့၍ စောအက---အား လက်နက်ကြီးအပိုင်းအစ ထိမှန်ခဲ့ပြီးဒဏ်ရာရရှိခဲ့သည်။ ဤပုံကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဃဲဒဲကျေးရွာအုပ်စု၊ ဘည---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ဒဏ်ရာရရှိခဲ့သည့်စောအက---ကို မူတြော်ခရိုင်ရှိ ဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
(ဓာတ်ပုံ – ဒေသခံရွာသား)

## (က) SAC ၏တိုက်ခိုက်မှုအား ရင်ဆိုင်ရန်အတွက် ရွာသားများ၏နည်းဗျူဟာများ

KHRG ၏ ယခင်ရှာဖွေတွေ့ရှိချက်များအရ လက်တုံ့ပြန်ခြင်းကို ကြောက်ရွံ့သဖြင့် ရွာသားများသည် ထိပ်တိုက်ရင်ဆိုင်ခြင်းနည်းလမ်းအစား ရှောင်ရှားခြင်း၊ ကာကွယ်ခြင်းနှင့် မိမိကိုယ်ကိုအားကိုးခြင်း စသည့်နည်းလမ်းများကို ပိုမိုအသုံးပြုလာကြောင်းကို ဤအစီရင်ခံစာတွင်ဖော်ပြထားသည်။[78] လက်နက်ကိုင်တိုက်ပွဲများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် SAC တပ်သားများ ကျူးလွန်သည့်အခြား လူ့အခွင့်အရေးချိုးဖောက်မှုများစသည့် ခြိမ်းခြောက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက်ကြောင့် ရွာသားများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းစသည့်ရှောင်ရှားခြင်းနည်းလမ်းများကို သိသိသာသာအသုံးပြုလာခဲ့ကြသည်။

SAC ၏ လေကြောင်းတိုက်ခိုက်မှုများသည် ပုံမှန်အားဖြင့်ညအချိန်တွင်သာပြုလုပ်သဖြင့် ရွာသားများသည် များသောအားဖြင့် မိုးမချုပ်မီထွက်ပြေးတိမ်းရှောင်ပြီး နေ့အချိန်တွင်အသက်အန္တရာယ်ရှိသော်လည်း ရွာသို့ပြန်၍၎င်းတို့၏သီးနှံပင်များ၊ မွေးမြူရေးတိရိစ္ဆာန်များကို ပြန်လည်ကြည့်ရှုကြသည်။[79] ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယောကဒေါကျေးရွာအုပ်စု၊ ဘက---ကျေးရွာမှ ကျေးရွာခေါင်းဆောင်တစ်ဦးဖြစ်သည့် စောအည--- က ဤနည်းဗျူဟာကိုပြောပြခဲ့သည်။ *"ဒေသခံအာဏာပိုင် [KNU] တွေက ကျွန်တော်တို့ကိုညဖက်မှာ တခြားနေရာမှာသွားအိပ်ဖို့ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ လေကြောင်းတိုက်ခိုက်ရေးတွေက လူတိုင်းအိပ်မောကျနေတဲ့ညခင်းဖက်အချိန်မှာပဲဖြစ်တာကိုး။ လေယာဉ်တွေက နေ့ခင်းဖက်မှာလာတယ်ဆိုရင်တော့ ဒါက ကင်းထောက်ဖို့အတွက်ပဲ။"*

ရွာသားများသည် အထူးသဖြင့်အဖမ်းခံရပြီးနောက်ပြန်လည်လွတ်မြောက်ရန်အတွက် စစ်သားများနှင့် ညှိနှိုင်းခြင်း၊ လာဘ်ပေးခြင်းများကိုလည်းအသုံးပြုခဲ့သည်။[80] ခလယ်လွိထူခရိုင်၊ ဆောထီးမြို့နယ်မှ ဆန္ဒပြမှုအား စီစဉ်ခဲ့သည့် ကိုအည--- က အာဏာဖီဆန်ရေး ဆန္ဒပြပွဲပြီးနောက်တွင် ရွာသားအတော်များများ SAC ရဲတပ်ဖွဲ့အား လာဘ်ပေးခဲ့ပုံကို ရှင်းပြခဲ့သည်။ *" [၂၀၂၁ ခုနှစ်] ဧပြီလမှာ သူတို့ [SAC] က ကိုအဂ---- လို့ခေါ်တဲ့ အရပ်သားတစ်ဦးကို ဖမ်းဆီးခဲ့တယ်။ သူကို့ဖမ်းပြီးတော့ အချုပ်ထဲထည့်လိုက်တယ်။ နောက်တော့ သူတို့က နောက်ထပ်ငါးယောက်ထပ်ဖမ်းတယ်။ အဲ့ဒီထဲကနှစ်ဦးက လွတ်မြောက်နိုင်ဖို့အတွက် လာဘ်ထိုးလိုက်တော့ သူတို့ကို လွှတ်ပေးလိုက်တယ်။ ကျွန်တော်တို့ သိရသလောက်တော့ သူတို့ လွတ်အောင်တောင်းဆိုဖို့ အတွက် [SAC] စစ်တပ်နဲ့ ရဲကို သိန်း ၂၀ ကျော် ပေးရတယ်။"*

စစ်ရေးလှုပ်ရှားမှုများကြောင့် တိုးမြင့်လာသည့်မလုံခြုံမှုများကို ရင်ဆိုင်ရန်အတွက် ရွာသားများသည် နည်းလမ်း မျိုးစုံကိုအသုံးပြုခဲ့ကြသည်။ ရွာသားများသည် SAC ၏စစ်ဆေးရေးဂိတ်များ သို့မဟုတ် SAC စစ်သားများ၏တပ်ပြောင်းချိန် သို့မဟုတ် အခြားစစ်ဆင်ရေးများအား ရှောင်ရှားရန်အတွက် ရွာသားအချင်းချင်းသော်လည်းကောင်း၊ အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် သော်လည်းကောင်း ၎င်းတို့ဒေသတွင်း SAC ၏လှုပ်ရှားမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား မျှဝေကြ

[78] KHRG ၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလထုတ် "Foundation of Fear: 25 Years of Villagers' Voices from Southeast Myanmar"။

[79] KHRG ၏ ၂၀၂၂ ခုနှစ်၊ မတ်လထုတ် "Dooplaya District Short Update: A woman was killed by mortar shrapnel during indiscriminate shelling by armed groups, February 2022"။

[80] KHRG ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် "Dooplaya District Situation Update: SAC interrogation and arbitrary arrest, arbitrary killing, and displacement due to fighting in Noh T'Kaw and Kruh Tuh townships, April to May 2021"။

သည်ဟုတင်ပြခဲ့သည်။[81] တောအူးခရိုင်၊ ထောတထူမြို့နယ်၊ မော်နေပွာဒေသ၊ အအ--- ကျေးရွာမှ စောဇ--- က ဤသို့ရှင်းပြခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ SAC က ပြည်သူတွေကို ဖမ်းဆီးတယ်ဆိုတဲ့သတင်းကိုအမြဲရရှိတယ်။ လက်ရှိမှာ သူတို့တွေက ပြည်သူတွေကို မနက်ကနေနေ့လယ်အချိန်အထိ ဖမ်းနေတယ်ဆိုတာ ကျွန်တော်တို့သတင်းရထားတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တွေက မြို့ပေါ်ကို မွန်းလွဲပိုင်းမှာသွားပြီးတော့ နောက်တစ်ရက်မနက် ၈ နာရီမတိုင်ခင်မှာ စောစောပြန်လာခဲ့တယ်။"

နောက်ဆုံးအနေဖြင့် ရွာသားများသည် ၎င်းတို့၏လူမှုအသိုက်အဝန်းအတွင်း SAC မှ အရေးပါသည့် အဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးခြင်း သို့မဟုတ် မရှိမဖြစ်လိုအပ်သည့်ဝန်ဆောင်မှုများကို ဖြတ်တောက်ခြင်းများစသည့် စနစ်တကျကျူးလွန်နေသော အခွင့်အရေးချိုးဖောက်မှုများအား လျှော့ချရန်အတွက် ရွာသားများကနည်းလမ်းများရှာဖွေတွေ့ရှိကြသည်။ ထင်ရှားသည့် ဖြစ်စဉ်တစ်ခုမှာ နေရပ်ရွှေ့ပြောင်းနေထိုင်သည့် ရွာသားများသည် ၎င်းတို့ တောထဲတွင် ပုန်းခိုနေသည့်အချိန်တွင် ကျောင်းဖွင့်နိုင်ခဲ့သည်နှင့် ပတ်သက်၍မြိတ်ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလဲဒေသအတွင်းရှိ ဘဒ--- ကျေးရွာမှ စောအခ--- ကဤသို့ပြောသည်။ "ကျွန်တော်တို့မှာ အလယ်တန်းကျောင်းအဆင့်ထိတက်တဲ့ကျောင်းသားတွေလည်းရှိတယ်။ ဒါပေမယ့် အာဏာသိမ်းပြီးတဲ့နောက်မှာဒါတွေ *[ပညာရေးစနစ်]* အားလုံးပျက်စီးကုန်တယ်။ ကျွန်တော်တို့မှာ မူလတန်းအဆင့်ကျောင်းတောင်မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ကလေးတွေစာမတတ်ပေမတတ်မဖြစ်အောင်လို့ ကိုယ်ဟာကိုယ်ရပ်တည်ပြီးတော့ ကလေးတွေပညာသင်ခွင့်ရဖို့အတွက်စီစဉ်နေရတယ်။ ကျွန်တော်တို့မှ မလုပ်ရင်ဘယ်သူလုပ်ပေးမလဲ။ ဒါကြောင့် ကျွန်တော်တို့ ဒါကိုတတ်နိုင်သလောက် ပိုကောင်းအောင်ကြိုးစားကြတယ်။"

## (ခ) သက်ဆိုင်ရာပါဝင်ပတ်သက်သူများသို့ ရွာသားများ၏အကြံပြုချက်များ

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သော ရွာသားများမှ သက်ဆိုင်ရာပါဝင်ပတ်သက်သူများအား အကြံပြုချက်များ ပေးခဲ့သည်။ အများစုက အကယ်၍ SAC ၏ ထိပ်တန်းအရာရှိများအနေနှင့် အာဏာဆက်လက်ကိုင်စွဲထားပြီး ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူခြင်းတာဝန်ခံခြင်းမရှိပါက ပိုမိုဆိုးရွားလာနိုင်သည့်အခြေအနေနှင့်ပတ်သက်၍ ၎င်းတို့၏စိုးရိမ်ပူပမ်မှုများကိုဖော်ပြခဲ့သည်။ SAC မှ ကျူးလွန်သည့်အခွင့်အရေးချိုးဖောက်မှုများသည် ဆိုးရွားသည့်အခြေအနေတွင်ရှိနေသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းမှအာရုံစိုက်မှုမရှိခြင်းနှင့် စစ်အာဏာရှင်အပေါ် ဥပဒေအရအရေးယူမှုတွင် နှောင့်နှေးနေခြင်းများအား ရွာသားအများစုကမီးမောင်းထိုးပြခဲ့သည်။ သို့သော်လည်း အကယ်၍ခိုင်မာအားကောင်းသည့် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေအပါအဝင် နိုင်ငံရေးဆိုင်ရာအစီအမံများကို ဆောင်ရွက်နိုင်ပါက အချိန်အတိုင်းအတာတစ်ခုတွင် ဤအခြေအနေအား ပိုမိုတိုးတက်စေမည်ဟု ရွာသားများကဆက်လက်မျှော်လင့်လျက်ရှိသည်။

အများစုက နိုင်ငံတကာအသိုင်းအဝိုင်းမှ စစ်အုပ်စုအားအရေးယူပိတ်ဆို့မှုများပြုလုပ်နိုင်ရန် ရွာသားများ၏ဘဝအတွေ့အကြုံများကို သေချာထည့်သွင်းစဉ်းစားရန်အတွက်တောင်းဆိုခဲ့ကြသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဘဟ--- ကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာမှ ရွာလူကြီးတစ်ဦးဖြစ်သည့် စောအဟ---က အောက်ပါအတိုင်းအကြံပြုခဲ့သည်။ "ကျွန်တော်တို့က အဖွဲ့အစည်းတွေ၊ အာဆီယံနဲ့ ကုလသမဂ္ဂအဆင့်အထိ သက်ဆိုင်ရာခေါင်းဆောင်တွေကို *[လူ့အခွင့်အရေးချိုးဖောက်မှုတွေ]* ထပ်ပြီးမဖြစ်ဖို့အတွက် ကာ

[81] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လထုတ် "Doo Tha Htoo District Short Update: SAC troops arbitrarily detain seven villagers, March 2022"။

ကွယ်နိုင်အောင် ကျွန်တော်တို့ကိုအကူအညီပေးဖို့တောင်းဆိုချင်တယ်။ သူတို့တွေအနေနဲ့ ကျွန်တော်တို့ ဆီကိုလာမတွေ့နိုင်ပေမယ့် စစ်အုပ်စုကကျူးလွန်တဲ့ချိုးဖောက်မှုတွေကို ကြုံတွေ့နေရတဲ့ကျွန်တော်တို့ ပြည်သူတွေနဲ့ တိုင်းရင်းသားတွေရဲ့အသံကို ကြားနိုင်မယ်ဆိုရင် သူတို့တွေအနေနဲ့ ကျွန်တော်တို့အတွက် ဒီအရာ [လူ့အခွင့်ရေးချိုးဖောက်မှု] တွေကိုရပ်တန့်စေဖို့ ဖြစ်နိုင်ချေရှိတဲ့လမ်းကြောင်းတွေနဲ့ ဖိအားပေး လုပ်ဆောင်မယ်လို့ မျှော်လင့်တယ်။” ဤအချက်ကို မြန်မာစစ်တပ်ဆီသို့ ငွေကြေးစီးဆင်းနေမှုအား ရပ်တန့်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အရေးယူဆောင်ရွက်ရန်အတွက် တောင်းဆိုထားသည့် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ဘဝ--- ကျေးရွာအုပ်စု၊ ယ---ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သည့် မစ--- ၏ သက်သေခံချက်တွင်လည်း ထပ်လောင်းတွေ့ရှိနိုင်သည်။ “ကျွန်မအနေနဲ့ နိုင်ငံတကာက အင်အားကြီးတဲ့ တိုင်းပြည်တွေကို ကျွန်မတို့ဒေသမှာဖြစ်နေတဲ့ဒီဖြစ်ရပ်တွေကို လေ့လာပြီးတော့ သူတို့တွေအား နည်းလာစေဖို့ [မြန်မာစစ်တပ်ဆီ ငွေကြေးစီးဆင်းမှုကို ရပ်တန့်စေရန်]အတွက် [SAC ၏ စီးပွားရေး] လုပ်ငန်းဌာနကို ပိတ်ဆို့မှုတွေ[အရေးယူပိတ်ဆို့မှုများ] လုပ်ပေးစေချင်တယ်။ အဲ့ဒါမှ သူတို့တွေအား နည်းလာမယ်။ ပြီးတော့ တကယ်လို့ သူတို့တွေသဘောထားပြောင်းလဲမယ်ဆိုရင်တော့ အရပ်သားတွေကို အာဏာပြန်ပေးလိမ့်မယ်။ တကယ်လို့ နိုင်ငံတကာအင်အားကြီးနိုင်ငံတွေက ဒီလိုလုပ်ပေးမယ်ဆိုရင် ကောင်းတယ်။[…]။”

မေးခွန်းဖြေကြားသူအများစုသည် နိုင်ငံအတွက်ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန် မင်းအောင်လှိုင်အပါအဝင် SAC ၏ ဗိုလ်ချုပ်များအား ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် အပြစ်ပေးအရေးယူခြင်းခံရရန် မြင်တွေ့လိုကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ တာအူခီး ကျေးရွာအုပ်စု၊ ဘခ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သောစောအဘ--- က ဤသို့ ပြောခဲ့သည်။ “သူ[မင်းအောင်လှိုင်]က [ရွာသားများအပေါ် အခွင့်အရေးချိုးဖောက်မှုတွေ] ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခဲ့ပြီး ဒါတွေက [လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်] ရာဇဝတ်မှုမြောက်တယ်။ ကျွန်တော်တို့က ရွာသားတွေဆိုတော့ [သူ့ကို ဒီချိုးဖောက်မှုတွေရပ်တန့်ရန်အမိန့်ပေးဖို့] မပြောရဲဘူး။ ဒီလိုလုပ်ဖို့အတွက်လည်းကျွန်တော်တို့မှာအခွင့်[အာဏာ]မရှိဘူး။ ဒါကြောင့် တကယ်လို့အင်အားကြီးနိုင်ငံတွေက သူ့ကိုထောင်ချတာဖြစ်ဖြစ် ရာထူးကနှုတ်ထွက်စေဖို့အတွက် တရားစွဲဆိုပြီးပြစ်ဒဏ်ပေးနိုင်ဖို့အတွက် ဒီကိစ္စကိုထည့်သွင်းစဉ်းစားပေးနိုင်မယ်ဆိုရင် [ကျွန်တော်တို့အတွက်အရမ်းကောင်းလိမ့်မယ်]။”

SAC ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအားရပ်တန့်ရန်အတွက် မှန်ကန်ခိုင်မာသည့်ခြေလှမ်းများဖြင့် လုပ်ဆောင်နိုင်ခြင်းမရှိပါက လုံခြုံရေးအခြေအနေမှာပိုမိုဆိုးရွားလာနိုင်သည်ဟု အချို့ရွာသားများကသတိပေးခဲ့သည်။ စနစ်တကျအခွင့်အရေးချိုးဖောက်မှုများနှင့်အတူ ခိုင်မာသည့်ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတုံ့ပြန်မှုများမရှိခြင်းက အချို့ရွာသားများကို SAC အား လက်နက်ကိုင်တော်လှန်စေသည့် အခြေအနေသို့တွန်းပို့စေပါသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဘဟ--- ကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာမှရွာလူကြီးတစ်ဦးဖြစ်သော စောအဟ--- က ဤသို့ရှင်းပြခဲ့သည်။ “ကျွန်တော်တို့က အရပ်သားတွေဖြစ်တဲ့အတွက် စစ်မတိုက်ချင်ဘူး။ ကျွန်တော်တို့ အေးအေးချမ်းချမ်းပဲ နေချင်တယ်။ […] လက်ရှိအခြေအနေအရ ကျွန်တော်တို့တိုက်ပွဲကိုမလိုချင်ဘူး [ကျွန်တော်တို့ စစ်မတိုက်ဘူး] ဆိုရင် ဒီအဖွဲ့[စစ်အုပ်စု]ရဲ့ အာဏာနဲ့အုပ်ချုပ်ရေးက ဆက်လက်တည်မြဲနေပြီးတော့ ပြည်သူတွေက ဒီလို [အခွင့်အရေးချိုးဖောက်မှု] တွေကို နောက်လာမယ့်ဆယ်စုနှစ်၊ ရာစုနှစ် ဒါမှမဟုတ် မျိုးဆက်ဘယ်နှစ်ခုအထိခံစားရမလဲ မသိဘူး။ ဒါကြောင့် တကယ်လို့ ကျွန်တော်တို့တွေ အေးအေးချမ်းချမ်းနေချင်တယ်ဆိုရင် ကျွန်တော်တို့ [စစ်အာဏာရှင်ကိုဆန့်ကျင်] တိုက်ထုတ်ရမယ်။ တကယ်တော့ ကျွန်တော်တို့လည်း ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ်။ မတိုက်ချင်ဘူး။ ဒီတစ်ကြိမ်တော့ ကျွန်တော်တို့တွေ အေးအေးချမ်းချမ်းနေနိုင်ဖို့အတွက်

ကိုယ့်အတွက်ကိုယ်တိုက်ပွဲဝင်ရမယ်။ ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းမနေရရင်တောင် ကျွန်တော်တို့ ကလေးတွေ ငြိမ်းငြိမ်းချမ်းချမ်းနေရလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့မတိုက်ချင်ရင်တောင်မှ ကျွန်တော်တို့တိုက်ရမယ်။” ထိုနည်းတူစွာပင် ဒူးသထူခရိုင်၊ ပေါင်မြို့နယ်၊ အ--- ကျေးရွာမှ ရွာသူတစ်ဦးဖြစ်သည့် နော်က--- က ဤသို့ ရှင်းပြခဲ့သည်။ “တကယ်လို့ လူတိုင်းလက်နက်ကိုင်မယ်ဆိုရင် ဒီအမုန်းတရားက ဘယ်တော့မှဆုံးမှာမဟုတ်ဘူး။ သူတို့အနေနဲ့ ပြည်သူတွေကို ထိခိုက်အောင်မလုပ်သင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေက အပြစ်မဲ့တဲ့သူတွေဖြစ်တယ်။ တကယ်လို့ အရပ်သားတွေတစ်စုံတစ်ခု အမှားအယွင်းလုပ်မိတယ်ဆိုရင် အဲ့ဒီလူဟာ သူလုပ်ခဲ့တဲ့အမှားအတွက် အပြစ်ပေးခံရသင့်တယ်။ ဒါပေမယ့်အခုကျတော့ သူတို့ကအပြစ်မဲ့တဲ့ပြည်သူတွေကို ဖမ်းဆီး၊ ပစ်ခတ်တာတွေ ပြုလုပ်နေတယ်။ တကယ်လို့ နိုင်ငံရဲ့အခြေအနေကပိုဆိုးလာရင်တော့ ကျွန်မတို့လည်းတိုက်ပွဲဝင်ရမှာပဲ။”

စစ်အာဏာရှင်ကျဆုံးပြီးနောက်ပိုင်း ငြိမ်းချမ်းသောဖက်ဒရယ်နိုင်ငံတည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားလူနည်းစုအားလုံး ညှိနှိုင်းဆွေးနွေးမှုစားပွဲဝိုင်းတွင် ပါဝင်ရမည့်ဟု အခြားမေးခွန်းဖြေကြားသူများကအခိုင်အမာပြောခဲ့သည်။ ဒူးပလာယာခရိုင်၊ ဝေါရော်မြို့နယ်၊ နို့ဖထောကျေးရွာအုပ်စု၊ လ--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ စောည--- က “တိုင်းရင်းသားအဖွဲ့အားလုံးသဘောမတူရင် ဒါ [ဖွဲ့စည်းပုံအခြေခံဥပဒေ] ကိုပြောင်းလဲလို့မရဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတဲ့အချိန်မှာ တိုင်းရင်းသားအဖွဲ့တွေအားလုံးရှိနေရမယ်။ ကျွန်တော်တို့ ခေါင်းဆောင် [KNU] တွေက တိုင်းပြည်ကိုပြောင်းလဲဖို့ စီစဉ်ထားတယ်။ ဒါပေမယ့် ဒါကိုတစ်ဖွဲ့ထဲက ပြောင်းလဲဖို့တော့မဖြစ်နိုင်ဘူး။ ဖက်ဒရယ်တိုင်းပြည်တည်ထောင်ဖို့အတွက် ကျွန်တော်တို့ အတူတူအလုပ်လုပ်ရမယ်။ ဖက်ဒရယ်တိုင်းပြည်တည်ဆောက်ဖို့အတွက်တိုင်းရင်းသားအဖွဲ့တွေအားလုံး ပါဝင်ရမယ်။”

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြစ်ပွားလျက်ရှိသော SAC ၏တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအားအဆုံးသတ်ရန်အတွက် ခိုင်မာသောသတ်မှတ်ထားသည့် စီမံချက်များအား အရေးပေါ်လိုအပ်ကြောင်း ရွာသားများ၏အကြံပြုချက်များကအလေးအနက်ဖော်ပြလျက်ရှိသည်။ နိုင်ငံတကာနှင့် ဒေသတွင်းပါဝင်ပတ်သက်သူများ၏ မှန်ကန်သောကြားဝင်ဖြေရှင်းခြင်းမရှိပဲ SAC ၏ အရပ်သားများ အပေါ် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများအပါအဝင် ကရင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဆက်လက်ဖြစ်ပွားနေမည်ဖြစ်သည်။

# ဆွေးနွေးမှုနှင့် နိဂုံးချုပ်

SAC တပ်ဖွဲ့များနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကြား ပိုမိုပြင်းထန်လာသည့်တိုက်ပွဲများကြားတွင် မြန်မာစစ်တပ်သည် ရွာသားများအားထပ်ခါတလဲလဲတိုက်ခိုက်ခဲ့သည်။ SAC တပ်သားများက လက်နက်ကိုင်အဖွဲ့များကိုယ်စား အရပ်သားများအားပစ်မှတ်ထားသည့် ဤတိုက်ခိုက်မှုများ၏နောက်ကွယ်မှအကြောင်းရင်းကို ပြင်ပစောင့်ကြည့်လေ့လာသူများမှ ကောင်းမွန်စွာနားလည်ခြင်းမရှိပေ။ မြန်မာစစ်တပ်မူဝါဒများ၏ သမိုင်းကြောင်းနှင့်နောက်ခံအကြောင်းအရင်းကိုမသိပါက နိုင်ငံတကာမှသုံးသပ်သူများအနေဖြင့် တိုင်းရင်းသားဒေသများတွင်ဖြစ်ပေါ်နေသော အခြေအနေများ၏အဓိကအကြောင်းအရာများကိုလက်လွှတ်နေမည်ဖြစ်သည်။

## SAC ၏ ရွာသားများအပေါ် တုံ့ပြန်တိုက်ခိုက်မှုပုံစံများ

ရွာသားများ၏သက်သေခံချက်များနှင့် ကွင်းပိုင်းအစီရင်ခံစာများမှတဆင့် SAC မှ ကရင်ပြည်နယ်အတွင်းရှိ ရွာသားများအပေါ် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုပုံစံ ဖြစ်စဥ် ၇ ခုကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ ပထမအချက်အနေဖြင့် အရပ်သားများက ၂၀၂၁ ခုနှစ်စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည်ဟုယူဆသဖြင့် SAC မှ အရပ်သားများအား တန်ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့ပါသည်။ ဤတန်ပြန်တိုက်ခိုက်မှုသည် ကရင်ပြည်နယ်ရှိရွာသားများ သို့မဟုတ်  ဗမာတိုင်းရင်းသားမဟုတ်သည့် တိုင်းရင်းသားအဖွဲ့များ၏ (အာဏာသိမ်းမှု ဆန့်ကျင်ရေး) “တော်လှန်ပုန်ကန်မှု” များမှ ပေါ်ထွက်လာမှုအပေါ်မြစ်ဖျားခံလာခြင်းဖြစ်သည်။ ဒုတိယအချက်အနေဖြင့် အရပ်သားများနှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား သံသယဖြစ်ဖွယ်ရာဆက်နွယ်မှုများအား ဖြတ်တောက်ရန်ရည်ရွယ်သည့် မြန်မာစစ်တပ်မှ ကာလကြာရှည်စွာအသုံးပြုခဲ့သောစစ်ရေးပရိယာယ်များသည် SAC အား အရပ်သားများအပေါ်ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများပြုလုပ်ရန် တွန်းအားပေးလျက်ရှိသည်။ တတိယအချက်အနေဖြင့် များစွာသောအခြေအနေများတွင် SAC နှင့် ဒေသတွင်းရှိ တော်လှန်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပြီးနောက်ပိုင်းတွင် အရပ်သားများအပေါ်တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိသည်။ စတုတ္ထအချက်အနေဖြင့် SAC ၏ ရွာသားများအား ခေါးစာခံပြုလုပ်ခြင်းနှင့် တုံ့ပြန်တိုက်ခိုက်မှုနည်းဗျူဟာများသည် ဒေသအတွင်းအကြောက်တရားအား ပျံ့နှံ့စေရန်နှင့် အာဏာသိမ်းမှုအားဆန့်ကျင်သည်ဟု သံသယရှိသည့်ရွာသားများအားထိန်းချုပ်ထားရန်ဖြစ်သည်။ ပဥ္စမအချက်မှာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းမှဟန့်တားရန် ကြိုးပမ်းသည့်အနေဖြင့် SAC တပ်သားများသည် ရွာသားများအားပစ်မှတ်ထားတိုက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများပြုလုပ်နေခြင်းဖြစ်ပါသည်။ ဆဋ္ဌမအချက်အနေဖြင့် ထောက်ပံ့မှုလုံလောက်စွာမရသော SAC တပ်သားများသည် ၎င်းတို့၏ပုဂ္ဂိုလ်ရေးလိုအင်အတွက် ရွာသားများ၏ပိုင်ဆိုင်မှုပစ္စည်းများအားသိမ်းယူခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများအားလုယူခြင်းများပြုလုပ်ခဲ့သည်။ နောက်ဆုံးအချက်အနေဖြင့် SAC ၏ အမိန့်များအားလိုက်နာရန်ပျက်ကွက်သည့်ရွာသားများသည် တန်ပြန်တိုက်ခိုက်မှုများတွင် ပုံမှန်အားဖြင့် ပစ်မှတ်ထားခံရလေ့ရှိသည်။ ယေဘုယျအားဖြင့် ကရင်ပြည်နယ်ရှိအရပ်သားများမှာ ရန်သူများအဖြစ် စနစ်တကျသတ်မှတ်ထားခံရခြင်း သို့မဟုတ် ရန်သူများနှင့်ချိတ်ဆက်မှုရှိသည်ဟု သတ်မှတ်ခံရပြီး စုပေါင်းပြစ်ဒဏ်ပေးခြင်းခံရကြသည့်အတွက် ဤအချက်များအားလုံးအပေါ် ခေါးစာခံအဖြစ်အသုံးချပြီးတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ဤပုံစံများအရ ရွာသားများသည် အဖွဲ့နှစ်ဖွဲ့ကြား၏ တိုက်ခိုက်မှုများတွင် ကြားခံအဖြစ်ထိခိုက်ခံစားနေရခြင်းမဟုတ်ပဲ စစ်အုပ်စု၏ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းကိုခံစားရပြီး ကရင်ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေကိုပိုမိုပေါ်လွင်စေသည်။

SAC မှ ရွာသားများအပေါ် တုံ့ပြန်တိုက်ခိုက်မှုများအား ဥပဒေလမ်းကြောင်းအရသုံးသပ်ခြင်း ခွဲခြားစားခံ ပြုလုပ်ခြင်းနှင့် စုပေါင်းပြစ်ဒဏ်ပေးခြင်းများက မြန်မာစစ်တပ်အတွင်း ပျံ့နှံ့လျက်ရှိကာ နိုင်ငံတကာဥပဒေများကို ထပ်ခါတလဲလဲချိုးဖောက်ရန် ဦးတည်နေကြောင်းကို ဤအစီရင်ခံစာတွင်ဖော်ပြထားသည်။ မြန်မာပြည် အရှေ့တောင်ပိုင်းတွင် တာဝန်ယူမှုတာဝန်ခံမှု ရရှိနိုင်ရန်ရည်ရွယ်သော ဥပဒေအရအရေးယူခြင်းများအပြင် ပဋိပက္ခ၏တိမ်ငုပ်နေသောအခြေအနေများအား ဖော်ထုတ်ရှင်းလင်းရန်အတွက် တရားမျှတမှုရှာဖွေရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဤအခွင့်အရေးချိုးဖောက်မှုပုံစံများအား နားလည်သဘောပေါက်ရန်အလွန်အရေးကြီးသည်။

အခြေခံအားဖြင့် အရပ်သားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များအား ရောနှောရှုမြင်နေသည့် SAC ၏ လုပ်ဆောင်ချက်သည် အလွန်အန္တရာယ်ရှိပြီး အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂) တွင်ပါသောလူများအပေါ်ခွဲခြားဆက်ဆံခြင်းအားတားမြစ်ချက်ကို ဆန့်ကျင်လျက်ရှိသည်။ ခွဲခြားဆက်ဆံခြင်းဖြင့် တန်းတူညီမျှမှုအားပျက်ပြားစေပြီး လူ့ဂုဏ်သိက္ခာအပေါ် တိုက်ရိုက်ထိခိုက်မှု ရှိစေသည့်အတွက်[82] လူ့အခွင့်အရေးဥပဒေကိုဆန့်ကျင်သည့် အခြေခံအကျဆုံးအကြောင်းအရာတစ်ခုဖြစ်သည်။ SAC ၏ တိုက်ခိုက်မှုများတွင် အထူးသဖြင့် လူသားတစ်ဦး၏လွတ်မြောက်မှုနှင့် လုံခြုံမှုရရှိပိုင်ခွင့်စသည့် လူ့အခွင့်အရေးအချက်များအား ချိုးဖောက်နေခြင်းများပါဝင်သည်။

အမှန်စင်စစ် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအစား အရပ်သားများအပေါ် ပစ်မှတ်ထားသည့် SAC ၏မူဝါဒသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေတွင် အဓိကကျသောစည်းကမ်းချက်ဖြစ်သည့် အရပ်သားများနှင့် ရန်သူ့တပ်များ (အရပ်သားများနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများ) အကြားခွဲခြားသတ်မှတ်ခြင်းမူအား[83] ချိုးဖောက်ခြင်းဖြစ်သည်။ ရွာသားများအား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ဝင်များနှင့်အတူ ပေါင်းစည်းသတ်မှတ်ခြင်းအားဖြင့် SAC သည် ၎င်းတို့ကျူးလွန်သည့် အကြမ်းဖက်မှုများတွင် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများအား ကြီးကြီးမားမားချိုးဖောက်မှုများ ပြုလုပ်လျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာသဘောတူညီချက်စာချုပ်နှင့် ဓလေ့ထုံးတမ်းဆိုင်ရာစည်းမျဉ်း စည်းကမ်းများကိုလည်း ချိုးဖောက်လျက်ရှိသည်။ SAC သည် ရမ်းသမ်းတိုက်ခိုက်မှုကို ရှောင်ကျဉ်ရမည့်အစား ချိုးဖောက်မှုများကို တက်ကြွစွာကျူးလွန်လျက်ရှိသည်။[84]

SAC သည် အရပ်သားများအပေါ် တုံ့ပြန်တိုက်ခိုက်ရာတွင် စစ်ရာဇဝတ်မှုများအား ကျူးလွန်လျက်ရှိသည်။ စစ်တပ်သည် အရပ်သားများအားအသက်အန္တရာယ်ရှိစေသည့် တိုက်ခိုက်မှုများအားပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ကိုယ်ခန္ဓာနှင့် ကျန်းမာရေးဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုအား ချိုးဖောက်နေခြင်းဖြစ်သည်။[85] SAC သည် ငြိမ်းချမ်းစွာနေထိုင်ကြသည့်အရပ်သားများ၊ အရပ်သားများ၏ပိုင်ဆိုင်မှုများနှင့် အကာအကွယ်ပေးထားသည့် အဆောက်အအုံများအပေါ် ဥပဒေမဲ့ တိုက်ရိုက်တိုက်ခိုက်လျက်ရှိသည်။[86] ထို့အပြင် ရွာသားများအား ခွဲခြားခြင်းမရှိပဲ ရမ်းသမ်းတိုက်ခိုက်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများကြောင့် SAC ၏ စစ်ဆင်ရေးများသည် စုပေါင်းပြစ်ဒဏ်ပေးခြင်းဆိုင်ရာစစ်ရာဇဝတ်မှုမြောက်သည်။[87] ထို့အပြင် မြန်မာစစ်တပ်သည် တိုင်းရင်းသားတစ်ဖွဲ့သို့မဟုတ် တိုင်းရင်းသားလူနည်းစုဒေသတွင်နေထိုင်လျက်ရှိသော ပြည်

[82] UDHR အပိုဒ်(၁)။

[83] ဓလေ့ထုံးတမ်းဆိုင်ရာနိုင်ငံတကာလူသားချင်းစာနာမှုဥပဒေနှင့် ICRC စည်းမျဉ်း ၁ နှင့် ၇။

[84] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၁၁။

[85] ရောမဥပဒေ ပုဒ်မ ၈(၂)(က)(၃)၊ ၈(၂)(ဂ)(၁)။

[86] ရောမဥပဒေ ပုဒ်မ ၈(၂)(င)(၁) နှင့် (၅)။

[87] ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ နှင့် ICRC စည်းမျဉ်း ၁၀၃။

သူတဖွဲ့ဖွဲ့အပေါ် အာဏာသိမ်းမှုကိုဆန့်ကျင်သည်ဟုယူဆကာ လူ့အခွင့်အရေးချိုးဖောက်မှုများကိုကျူး လွန်ခဲ့ပါသည်။ ၎င်းတို့၏တိုက်ခိုက်မှုများတွင် သတ်မှတ်ထားသည့်အဖွဲ့တစ်ဖွဲ့အား ပစ်မှတ်ထားတိုက် ခိုက်ခဲ့သောကြောင့် SAC သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှု၏ ညှဉ်းပမ်းနှိပ်စက်မှု ဆိုင်ရာဥပဒေအား[88] ကျူးလွန်လျက်ရှိသည်။

SAC ၏ အရပ်သားများအပေါ်ပစ်မှတ်ထားသည့် အထွေထွေမူဝါဒကြောင့် ဖြစ်ပေါ်လာသည့် ရာဇဝတ်မှု များသည် ထိုမူဝါဒများအား ကျင့်သုံးသည့်အခါတွင် မြန်မာစစ်တပ်မှကျူးလွန်သောသတ်ဖြတ်ခြင်း၊ တ ရားလက်လွတ်ဖမ်းဆီးခြင်းနှင့် အကြမ်းဖက်ခြင်းစသည့် နိုင်ငံတကာဥပဒေများအား ချိုးဖောက်ခြင်းများ ကိုဆက်လက်ဖြစ်ပေါ်စေသည်။ ဤလူ့အခွင့်အရေးချိုးဖောက်မှုများကို ဒေသတွင်းနှင့် နိုင်ငံတကာအ ဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့်မှတ်တမ်းတင်ထားပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံအ တွင်း လူ့အခွင့်အရေးအခြေအနေတင်ပြချက်တွင် ဤချိုးဖောက်မှုများကို စစ်ရာဇဝတ်မှုနှင့် လူအ မြောက်အများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် နိုင်ငံတကာဥပဒေများအား ချိုးဖောက် ခြင်းဖြစ်သည်ဟုအသိအမှတ်ပြုထားသည်။[89]

## ရှာဖွေတွေ့ရှိချက်များအပေါ် မူဝါဒများချမှတ်ခြင်း

စစ်အုပ်စု၏ အရပ်သားများအပေါ်တမင်ပစ်မှတ်ထားခြင်းက ဒေသတွင်းနှင့်နိုင်ငံတကာတာဝန်ရှိသူများ အား (တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေ) အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်နှင့် ကုလသမဂ္ဂ၏ ပဋိပက္ခနှင့်ပတ်သက်၍ တုံ့ပြန်မှုနှင့်စည်းနှောင်ထားခြင်းမရှိသည့် လုပ်ရပ်များအပါအဝင် စစ်အုပ်စုအား တရားဝင်ဖြစ်စေသည့်ချဉ်းကပ်မှုများနှင့် လုပ်ဆောင်ချက်များအားလုံးကို တစ်ကြိမ်တည်းနှင့် အပြီးတိုင် ရပ်တန့်ရန်အတွက် အရေးပေါ်ဆောင်ရွက်မှုများပြုလုပ်ပေးရန် တောင်းဆိုလျက်ရှိသည်။ SAC မှ တိုင်း ပြည်အတွင်းရှိအရပ်သားများအား သတ်မှတ်ပုံစံများဖြင့် ရည်ရွယ်ချက်ရှိရှိခြားစာခံလုပ်၍ တိုက်ခိုက် ခြင်းဖြင့် ထပ်လောင်းအားဖြည့်ပေးနေပုံကို ဖော်ပြခြင်းဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပဋိပက္ခအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနားလည်သဘောပေါက်ရန်အတွက် ဤအစီရင်ခံစာက ပံ့ပိုးမှုပေးထားပါ သည်။ ထို့အပြင် စစ်အုပ်စုခေါင်းဆောင်များအား တရားဥပဒေအရအရေးယူရာတွင် စုပေါင်းပြစ်ဒဏ်ပေးခြင်း ဆိုင်ရာ စစ်ရာဇဝတ်မှုနှင့်ညှဉ်းပမ်းနှိပ်စက်မှုဆိုင်ရာလူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများ အား ထည့်သွင်းရန်ဖော်ပြလျက်ရှိသည်။

ဤရှာဖွေတွေ့ရှိမှုများသည် ကရင်ပြည်နယ်အတွင်းကြုံတွေ့ခံစားရမှုများ လျော့ပါးစေရရန်နှင့်ရွာသား များအား အကာအကွယ်ပေးရန်အတွက် နိုင်ငံတကာအရေးယူဆောင်ရွက်မှုများကို အကောင်အထည် ဖော်ရန် အဓိကကျသောအချက်များဖြစ်ရမည်။ အရပ်သားများအနေဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား ခံရသည့်အချိန်တွင် အကာအကွယ်ပေးမှုနှင့် ပံ့ပိုးကူညီမှုလိုအပ်သောရွာသားအများအပြားကို ကူညီ ထောက်ပံ့ရန်အတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများအားတိုးမြှင့်ပေးခြင်းသည် အ ခြေခံကျသည်။ ထို့အပြင် ဤပံ့ပိုးကူညီမှုများအားပြုလုပ်ရန် အစီအစဉ်ရေးဆွဲခြင်းနှင့် ဖြန့်ဝေမှုပြုလုပ် ရာတွင် (ပံ့ပိုးကူညီမှု လုပ်ငန်းများကိုဆောင်ရွက်ရန် ဒေသအတွင်းသို့ အမြဲတစေသွားလာခွင့်ရရှိပြီး လူ

[88] ဤအတွက် ရောမဥပဒေ၏နိုင်ငံတကာရာဇဝတ်မှုဥပဒေကိုကြည့်ပါ။ ၎င်းသည် ဓလေ့ထုံးတမ်းဆိုင်ရာနိုင်ငံတကာ ရာဇဝတ်မှု ဥပဒေ ပုဒ်မ ၇ (၁)(ဧ) မှ ဆင်းသက်လာသည်။

[89] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ထုတ်ပြန်သည့် “Illegal and Illegitimate: Examining the Myanmar military’s claim as the Government of Myanmar and the international response’’ Conference Room Paper A/HRC/52/CRP.2 ။

ထု၏ယုံကြည်မှုရရှိနေသော အဖွဲ့အစည်းများ) ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများ/လူထုအခြေပြု အဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရမည်။[90] မည်သို့သောအခြေနေမှာမဆို အကူအညီ များအားဖြန့်ဝေခြင်းအပေါ် SAC အနေဖြင့်ဆုံးဖြတ်ချက်ချနိုင်သည့် အခွင့်အာဏာမရှိသင့်သည့်အပြင် ထိုငွေကြေးပံ့ပိုးအပေါ် လက်လှမ်းမှီမှုမရှိရသင့်ပါ။ နိုင်ငံတကာ၏အကာအကွယ်ပေးမှုလုပ်ငန်းစဉ်များ သည် စစ်အုပ်စုခေါင်းဆောင်များနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် ကုမ္ပဏီများအား ပိတ်ဆို့အရေးယူမှု များပြုလုပ်ရန်နှင့် တိုင်းရင်းသားဒေသများမှ အရပ်သားများအား သတ်ဖြတ်ခွင့်ပေးနေသည့်စစ်လက် နက်နှင့် ဂျက်လေယာဉ်ဆီများ နိုင်ငံအတွင်းသို့တင်သွင်းခြင်းကို ပိတ်ဆို့မှုများပြုလုပ်ရန်ဦးတည်ချက် ထားသင့်သည်။

မြေပြင်အခြေအနေ၏ရှုပ်ထွေးမှုများနှင့် ဒေသခံများ၏ စစ်အစိုးရအား ပြည်သူများမှလက်နက်ဖြင့်သော် လည်းကောင်း လက်နက်မဲ့သော်လည်းကောင်း တော်လှန်တိုက်ခိုက်မှုများအား ထည့်သွင်းစဉ်းစားခြင်း ဖြင့် နိုင်ငံအတွင်း အဓိပ္ပါယ်ပြည့်ဝသောငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် မူဝါများရေးဆွဲချမှတ်သည့်အခါ တွင် ရွာသားများ၏အမြင်သဘောထားများနှင့်အကြံပြုချက်များအား ထည့်သွင်းစဉ်းစားရမည်။ ထိုအ မြင်သဘောထားများနှင့် အကြံပြုချက်များအား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ မြန်မာပြည်၏အကျပ်အ တည်းပြဿနာများကိုဖြေရှင်းရာတွင် အထက်မှအောက်သို့ အမိန့်စီးဆင်းသည့်နည်းဗျူဟာများကိုလုပ် ဆောင်ခြင်းအားဖြင့် မြေပြင်အခြေအနေအားပိုမိုဆိုးရွားစေနိုင်ပြီး စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများအား ပို မိုတိုးမြှင့်လာစေနိုင်သည်။

---

[90] KHRG ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လထုတ် "ငြင်းပယ်ခံပြည်သူများ၏ဘဝများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက် အဝန်းများရင်ဆိုင်ရသော အကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အ တည်းများ"။

**ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး**

ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စု၊ ဒေဘူးနိုကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် SAC မှ ဒေဘူးနိုကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် ကျေးရွာစာသင်ကျောင်းတစ်လုံး ပျက်စီးသွားခဲ့သော အခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

လက်ဝဲမှ လက်ယာသို့ -

ဤပုံကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ ဘိတ်-ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ မယ်ကဲကျေးရွာအုပ်စု၊ ကျောက်အိုင်ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် SAC မှ ရွာသားများ၏ အိမ်နှင့်ပစ္စည်းဥစ္စာများကို မီးရှို့ဖျက်ဆီးထားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

ဤပုံတွင် SAC မှ လက်နက်ကြီးပစ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှုအခြေအနေကိုဖော်ပြထားသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါဖိုးပလဲ့ကျေးရွာအုပ်စု၊ မင်းဇောင်းကျေးရွာတွင် SAC မှ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခဲ့၍ ကျေးရွာနားရှိ လယ်ယာပျက်စီးသွားခဲ့ပြီး ထိုပျက်စီးသွားသောလယ်ယာမြေ၏ အရှေ့တွင် ရွာသားတစ်ဦးမတ်တပ်ရပ်နေပါသည်။ သခေါပလဲ့တပ်စခန်းတွင် အခြေစိုက်သည့် SAC စစ်သားများသည် ၁၂၂ မမ လက်နက်ကြီး (၅)လုံး ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းကြောင့် လယ်ယာစပါးခင်း၊ ရော်ဘာခြံနှင့် ရေတွင်းတစ်လုံး ပျက်စီးသွားခဲ့သည်။ *(ဓာတ်ပုံ - KHRG)*

အစီရင်ခံစာ၏ ခေါင်းစဉ်
"ကျွန်တော်တို့ကို ဘာကြောင့်ပစ်မှတ်ထားရတာလဲ" ဆိုသည့်ခေါင်းစဉ်သည် ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သော ဒူးပလာယာခရိုင်မှ ရွာသူတစ်ဦးဖြစ်သူ နော်အအ---၏ဖြေဆိုချက်မှ ကောက်နုတ်ယူထားပြီး အနည်းငယ်ပြင်ဆင်ရေးသားထားခြင်းဖြစ်သည်။ ၎င်း၏ဖြေဆိုချက်တွင် ယခုကဲ့သို့ဖော်ပြထားသည်။ *"(…) သူတို့က ကော်သူးလေ(KNLA စစ်သား) တွေကိုရှာလို့မတွေ့ဘူး။ ဒါကြောင့် သူတို့က အရပ်သားပြည်သူတွေကို သူတို့ရန်သူလိုသဘောထားပြီး ပစ်မှတ်ထားကြတယ်။ သူတို့က ကျွန်မတို့ပြည်သူတွေကို ရန်သူသဖွယ်သဘောမထားဘူးဆိုရင် သူတို့ကဘာကြောင့်များ ကျွန်မတို့ကိုသတ်ဖြတ်ရတာလဲ၊ တိုက်ခိုက်ရတာလဲ၊ ပစ်မှတ်ထားရတာလဲ။"*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများကို ရည် ရွယ်ချက်ရှိရှိတိုက်ခိုက်သောကြောင့် ၂၀၂၁ခုနှစ် စစ်တပ်အာဏာသိမ်းပြီး နှစ်နှစ်ကြာခဲ့သော်လည်း ဒေသအတွင်း လုံခြုံရေးနှင့်လူ့အခွင့်အရေးအခြေအနေသည် ပိုမို၍ဆုတ်ယုတ်လာသည်။ ရွာသားများ၏သက်သေခံချက်များအပေါ်အခြေခံ၍ SAC မှ အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ စနစ်တကျပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်ပုံစံများကို ဤအစီရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားသည်။ SAC စစ်အစိုးရကို ဆန့်ကျင်သည်ဟုထင်မြင်ယူဆ၍ တိုင်းရင်းသားဒေသများရှိ အရပ်သားများကို ခေါ်စခံလုပ်၍ စုပေါင်းအပြစ်ပေးသည့်နည်းလမ်းကို မြန်မာစစ်တပ်မှ ကျင့်သုံးနေသည့်အတွက်ကြောင့် ဒေသခံလူမှုအသိုက်အဝန်းများအပေါ် ဆိုးရွားသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ကရင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခကိုဖြစ်ပေါ်စေသည့် အဓိကတွန်းအားများကို ထုတ်ဖော်ခြင်းအားဖြင့် မြန်မာစစ်တပ်မှ နိုင်ငံတကာဥပဒေကို ချိုးဖောက်သည့်လုပ်ရပ်များကို ဖော်ထုတ်၍ ရှုတ်ချသည့်အကြောင်းအရာများကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထို့အပြင်နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံရှိအရပ်သားပြည်သူများ၏အခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ဆုံးဖြတ်ချက်ချရန် တိုက်တွန်းလိုပါသည်။ ထို့အတူ ရွာသားများမှ စစ်အာဏာသိမ်းမှုအပေါ်ထားရှိသည့် ၎င်းတို့၏အမြင်သဘောထားများနှင့် ခုခံတော်လှန်သည့်နည်းဗျူဟာများကို ဤအစီရင်ခံစာတွင်အကျဉ်းချုပ်ဖော်ပြထားသည်။ ရွာသားများ၏အမြင်သဘောထားနှင့် ခုခံတော်လှန်သည့်နည်းဗျူဟာများကိုအသိအမှတ်ပြုပြီး အားပေးကူညီသင့်ပါသည်။ ဤအစီရင်ခံစာမှတဆင့် တရားမျှတမှုနှင့် အပြုသဘောဆောင်သော ငြိမ်းချမ်းရေးအားရရှိရန်နှင့် မြန်မာနိုင်ငံတွင် နောက်ထပ်စစ်ရေးပြုမှုပြဿနာကိုရှောင်ရှားရန်တွက် နိုင်ငံတကာအဖွဲ့အစည်းများအားအသိပေးရန်ရည်ရွယ်ပါသည်။

KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများနှင့် ဒေသခံများ၏အခြေအနေများအား မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ခြင်းမရှိပါ။